ကြေးမှုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်၊ စနေနေ့၊ (12-12-2015) (၈၄၁၂)

အေးစေ မြစေ မေတ္တာရေ

- နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရှာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှိုး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှံ့မမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

သတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာသမားများ၏ အခွင့်အရေးတစ်ခုတည်းကိုသာ ကာကွယ်ရန်အတွက်မဟုတ်ဘဲ ပြည်သူများ၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန်၊ စာနယ်ဇင်းကျင့်ဝတ်ဆိုင်ရာ အဆင့်အတန်းများကို ထိန်းသိမ်းပေးရန်တာဝန်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၁

နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းနာခံခြင်းနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးဥာဏ်ထွန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်သမ္မတ၏ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာတွင် မိမိအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီးနောက် ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရှေ့နေနှင့် သက်သေ

ဆောင်းပါး စာမျက်နှာ - ၆

ထားဝယ်စီမံကိန်းဆိုင်ရာ အခြေခံအဆောက်အအုံများအဆင့်မြှင့်တင်ရန် မြန်မာနှင့်ထိုင်းအစိုးရတို့၏ ရင်းနှီးမြှုပ်နှံမှုများလိုအပ်

သုတ

မြန်မာနိုင်ငံရှိ ထားဝယ်စီမံကိန်းကို အကောင်အထည်ဖော်ရန်သဘောတူညီထားသော ထိုင်းစတော့အိတ်ချိန်းစာရင်းဝင် Italian-Thai Development Plc (ITD) က ထိုင်းနှင့်မြန်မာအစိုးရတို့ထံမှ ပိုမိုများပြားသော ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် တောင်းဆိုမည်ဖြစ်သည်။ ITD သည် ထိုင်းနိုင်ငံ ကန်ချနဘူရီပြည်နယ်ရှိ ဖုနမ်ရွန်ကျေးရွာမှ ထားဝယ်ရေနက်ဆိပ်ကမ်းထိဆက်သွယ်ထားသော ၁၃၂ ကီလိုမီတာရှိ လမ်းမကြီးတိုးချဲ့ရေးအပါအဝင် ထားဝယ်စီမံကိန်းနှင့်ဆက်စပ်သည့် အခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်ရန် စီစဉ်နေသည်။

"ကျွန်တော်တို့လမ်းမကြီးကို နှစ်လမ်းသွားကနေ လေးလမ်းသွားအဖြစ် တိုးချဲ့ချင်ပါတယ်။ ဒါပေမယ့် ဒီလို တိုးချဲ့မယ်ဆိုရင် ပိုမိုများပြားတဲ့ ရင်းနှီးမြှုပ်နှံမှုလိုအပ်ပါတယ်"ဟု ITD လက်အောက်ခံ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် Dawei Development Co. မှ မန်နေဂျင်းဒါရိုက်တာ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍

ကြေးမုံ စာတည်းရုံးထောင် ၁၂-၁၂-၂၀၁၅၊ စနေနေ့

မိဒီယာဖွံ့ဖြိုးတိုးတက်

ဒီမိုကရေစီစနစ်ကို စတင်ပြောင်းလဲ အကောင်အထည်ဖော်နိုင်ခဲ့သည်မှာ ပထမငါးနှစ်သက်တမ်းတစ်ခုပြည့်တော့မည်ဖြစ်သည်။ ဒီမိုကရေစီစနစ်ကို စတင်လမ်းခင်းပုံဖော်ပေးသည့် ၂၀၁၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်က အစိုးရသစ်၏သဘောထားများ၊ လိုက်နာသင့်သည့် မူဝါဒများကို ရှင်းလင်းပြောခဲ့သည်။

အစိုးရသစ်၏ သဘောထားများ၊ လိုက်နာသင့်သည့်မူဝါဒများအား အများပြည်သူတို့ကို စတင်အသိပေးပြောကြားခဲ့သည့်နေ့တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က "စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ စာနယ်ဇင်းတွေရဲ့ အခန်းကဏ္ဍကို အလေးထားဖို့လိုအပ်ပါတယ်။ စာနယ်ဇင်းတွေကတစ်ဆင့် ပြည်သူတွေသိသင့်တဲ့အချက်တွေကို အသိပေးသွားဖို့လိုသလို စာနယ်ဇင်းတွေက အပြုသဘောဆောင် အကြံပြုချက်တွေကိုလည်း အလေးထားဖို့ လိုအပ်မှာဖြစ်ပါတယ်"ဟုပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ၏ မိန့်ကြားချက်ပါအတိုင်း ဒီမိုကရေစီအစိုးရသက်တမ်းကာလအတွင်း စာနယ်ဇင်းများ၏ အခန်းကဏ္ဍများအား အလေးထားဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရသည်။ မူလကတည်ရှိခဲ့သည့် စာနယ်ဇင်းများအား စိစစ်အတည်ပြုချက်ယူရသည့် ဆင်ဆာစနစ်ကို အပြီးတိုင်ဖျက်သိမ်းပေးခဲ့ပြီး ပုဂ္ဂလိကသတင်းစာများအား လွတ်လပ်စွာထုတ်ဝေခွင့်ပေးခဲ့သည်။ စာနယ်ဇင်းလွတ်လပ်ခွင့်ရလာသောအခါ ပြည်သူများ သိလိုသည့်အကြောင်းအရာမှန်သမျှ မကြွင်းမကျန်ဖော်ထုတ်နိုင်ခဲ့သည်။ ထိုသို့အသိပေးခွင့်ရလာရာတွင် အပြုသဘောဆောင်သော အကြံပြုချက်များပါဝင်သလို အပြုသဘောမဆောင်သည့် ဝေဖန်တိုက်ခိုက်မှုများလည်း ပါဝင်သည်။

မည်သို့ပင်ဖြစ်စေ မျက်မှောက်ကာလ စာနယ်ဇင်းများ၏ လွတ်လပ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုများမှာ အောင်မြင်ဖြစ်ထွန်းမှု အတိုင်းအတာတစ်ခုအထိ ရရှိနေပြီဟု ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက စာနယ်ဇင်းကဏ္ဍအပေါ် ထားရှိခဲ့သည့် သဘောထားနှင့်မူဝါဒများအတိုင်း ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

ယခုအခါ ပြည်တွင်း၌ရေးသားဖြန့်ချိ ထုတ်ဝေခွင့်ရရှိနေသည့် တိုင်းရင်းသားဆိုင်ရာ မီဒီယာများမှာ အရေအတွက်အားဖြင့် ၄۶ ခုအထိပင် ရှိနေပြီဖြစ်၍ အားကောင်းမောင်းသန်ရှိလှပါသည်။ ဆက်လက်၍လည်း အနာဂတ်ကာလတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ တိုင်းရင်းသားဘာသာစကားရှစ်မျိုးဖြင့် သတင်းစာများ ထုတ်ဝေဦးမည်ဖြစ်၍ ဒီမိုကရေစီအစိုးရသက်တမ်းကာလအတွင်း အောင်မြင်စွာဖော်ဆောင်နိုင်ခဲ့သည့် မီဒီယာပြုပြင်ပြောင်းလဲမှုများ၏ အကျိုးရလဒ်ကောင်းများပင်ဖြစ်သည်။

၂၀၁၂ ခုနှစ်မှစတင်၍ နိုင်ငံပိုင်မီဒီယာများသာမက ပုဂ္ဂလိကမီဒီယာများပါ စာနယ်ဇင်းဆိုင်ရာအတတ်ပညာများ၊ ကျင့်ဝတ်ပိုင်းဆိုင်ရာလိုက်နာရမည့်မူများ၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည်။ အနာဂတ်ကာလတွင်လည်း ထိုထက်မက အကောင်အထည်ဖော်နိုင်ဦးမည်ဟု ယုံကြည်ပါသည်။ ယင်းတို့သည် မြန်မာနိုင်ငံ၏ စာနယ်ဇင်းဆိုင်ရာ အောင်မြင်တိုးတက်ဖြစ်ထွန်းမှုများပင်ဖြစ်သည်။

နိုင်ငံတော်အပိုင်းက ဤသို့အပြောနှင့်အလုပ် လက်တွေ့ကျအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သလို စာနယ်ဇင်းများဘက်ကလည်း ပြည်သူ့အကျိုးပြုမီဒီယာများဖြစ်အောင် ဆက်လက်ဆောင်ရွက်ကြရမည်။ နိုင်ငံတော်နှင့်ပြည်သူအကြား ပေါင်းကူးဆက်သွယ်ပေးနိုင်ရမည်။ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်လာအောင်၊ ပြည်သူများ မှန်ကန်သောအသိအမြင်များ တိုးတက်ဖြစ်ထွန်းလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရဦးမည်ဖြစ်သည်။

စာနယ်ဇင်းကျင့်ဝတ်များကိုလိုက်နာပြီး အများပြည်သူအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ကြရမည်။ သတင်းသမားများသည် အများအကျိုးအတွက် ဆောင်ရွက်သူများဖြစ်၍ မွန်မြတ်သူများလည်းဖြစ်သည်။ သို့ပါ၍ မှန်ကန်သော စိတ်ကောင်း၊ စေတနာကောင်းများဖြင့် မှန်ကန်စွာထုတ်ဖော်ရေးသားကြပြီး နိုင်ငံနှင့်ပြည်သူကို ဆက်လက်အကျိုးပြုဖို့ တိုက်တွန်းချင်ပါသည်။ ။

ကျောက်မျက်ရိုင်း၊ ကျောက်စိမ်းအသားကျောက်များကို မြန်မာကျပ်ငွေဖြင့်ရောင်းချရာ ကျောက်မျက်ကုန်သည်များ အဆင်ပြေ

နေပြည်တော် ဒီဇင်ဘာ ၁၁

နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ကျင်းပသော မြန်မာ့ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ပြသရောင်းချပွဲတွင် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များကို ဝယ်ယူသူ ပြည်တွင်းကျောက်မျက်ကုန်သည် လက်မှုပညာရှင်များ ကျောက်မျက်စေးနှုန်းကျဆင်းမှုကြောင့် ဝယ်ယူရာတွင် အဆင်ပြေကြောင်း

သိရသည်။

"ဒီဇင်ဘာ ၁၁ ရက်အထိ ကျွန်တော် ကျောက်တွဲ ၁၀ တွဲဝယ်ပြီးပြီ။ ကျောက်စေး စေးကွက်ကကျနေတာဆိုတော့ ကြမ်းခင်းစေးက စေးချို၊ စေးသင့်တာကြောင့် ဝယ်ရတာအဆင်ပြေပါတယ်"ဟု မန္တလေးမြို့မှ ကျောက်မျက်ဝယ်ယူသူ တစ်ဦးက ပြောသည်။

"အကျိုးတူကုမ္ပဏီတွေနဲ့ပေါင်းပြီး ကျောက်တွဲ လေးတွဲ၊ ကိုယ့်ကုမ္ပဏီက ကျောက်တွဲ ၁၀ တွဲ အားလုံး ၁၄ တွဲရောင်းရတယ်။ စေးကတော့ ကြမ်းခင်းစေးထက် ပိုရပေမယ့် အခြေအနေက အကောင်းကြီးမဟုတ်သလို အဆိုးကြီးလည်း မဟုတ်ပါဘူး" ဟု ကျောက်မျက်ကုမ္ပဏီတစ်ခုမှ မန်နေဂျာဖြစ်သူ ကိုဖြိုးဝေနိုင်က ပြောသည်။

ကျောက်တွဲဝယ်ယူသူကုန်သည်များသည် ကျောက်လိုင်းများဖြစ်သော ပုတီး၊ လက်ကောက်၊ အရည် စသည်ဖြင့် ရွေးချယ်ဝယ်ယူမှု ကွဲပြားသဖြင့် ဝယ်ယူမှုတန်ဖိုးလည်း မတူညီကြချေ။ ထူးခြားမှုမှာ ကျောက်တွဲ ၈၂၂၊ အလေးချိန်ကီလို ၁၂၀၀ ကျော်ခန့်ရှိသော ကျောက်နှစ်ခြမ်းသည် ကြမ်းခင်းစေး ၁၃ သိန်းသာရှိသော်လည်း ရောင်းချရသည့်စေးနှုန်းမှာ ကျပ်သိန်း ၃၈၀၀ ရရှိခဲ့ခြင်းဖြစ်သည်။

ယခုပြုလုပ်သောပြပွဲသည် ပြည်တွင်းကျောက်မျက်အချောထည်ပြုလုပ်သည့် အရင်းအနှီးနည်းသော လုပ်ငန်းရှင်များအတွက် ကျောက်မျက်ဝယ်ယူရာတွင် အဆင်ပြေသော ကျောက်မျက်ပွဲတစ်ပွဲဖြစ်ကြောင်း သိရသည်။

ခွန်(ဝင်းပ)

ရွှေစျေး၊ စက်သုံးဆီစျေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဒီဇင်ဘာ ၁၁

ရန်ကုန်(ရွှေစျေး) ၇၄၄၃၀၀ - ၇၄၅၃၀၀
မန္တလေး(ရွှေစျေး) ၇၄၄၃၀၀ - ၇၄၅၃၀၀

စက်သုံးဆီစျေးနှုန်း	**ရန်ကုန်**	**မန္တလေး**
(က) ဒီဇယ် တစ်လီတာ	۶၃၀/۶၄၀ ကျပ်၊	۶၇၀/۶၉၀ ကျပ်
(ခ) အောက်တိန်း 95တစ်လီတာ	၇၅၀/၇၇၀ ကျပ်၊	၈၄၀/၉၂၀ ကျပ်
(ဂ) အောက်တိန်း 92 တစ်လီတာ	۶၅၀/۶၇၀ ကျပ်၊	၇၂၀/၇၄၀ ကျပ်

ရန်ကုန် လက်ကားစျေး

ဒီဇယ် တစ်လီတာ ၅၆၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၅၅ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	- ၁၂၉၉. ၀
(ခ)	ဥရောပ	တစ်ယူရို	- ၁၄၂၁. ၁
(ဂ)	တရုတ်	တစ်ယွမ်	- ၂၀၁. ၇၈
(ဃ)	ထိုင်း	တစ်ဘတ်	- ၃۶. ၀၇၃
(c)	မလေးရှား	တစ်ရင်းဂစ်	- ၃၀၄. ၈၂
(စ)	အိန္ဒိယ	တစ်ရူပီး	- ၁၉. ၄၄၇
(ဆ)	ဂျပန်	တစ်ရာယန်း	- ၁၀۶၅. ၄
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	- ၁၁၀. ၂၅
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	- ၉၄၃. ၅၃
(ည)	စင်ကာပူ	တစ်ဒေါ်လာ	- ၉၂၅. ၄၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

မိတ္ထီလာတွင် လူမှုဖူလုံရေးရုံးနှင့် ဆေးခန်းအဆောက်အအုံသစ်ဖွင့်

မိတ္ထီလာ ဒီဇင်ဘာ ၁၁

မိတ္ထီလာတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ မြို့နယ်လူမှုဖူလုံရေးရုံးနှင့် ဆေးခန်း အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပရာ အဆောက်အအုံသစ်အား အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးထင်အောင်နှင့် မိတ္ထီလာ အမှတ်(၁)မဲဆန္ဒနယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစောဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

လူမှုဖူလုံရေးစီမံကိန်း၏ ရည်ရွယ်ချက်မှာ အလုပ်သမားများ ကျန်းမာမှုကောင်းမွန်တိုးတက်ပြီး အလုပ်လုပ်နိုင်စွမ်းအား မြင့်မားကာ ကုန်ထုတ်လုပ်မှုတိုးတက်စေရေး၊ အလုပ်သမားများမကျန်းမာမှု၊ မီးဖွားမှု၊ အလုပ်ခွင်ထိခိုက်ဒဏ်ရာရရှိမှု၊ အသက်အရွယ်ကြီးရင့်မှု၊ သေဆုံးမှုများ စသည့် လူမှုဒုက္ခများနှင့် ကြုံတွေ့ရသည့်အခါ အလုပ်သမားနှင့် မိသားစုများ ထိရောက်ပြည့်စုံသည့် အကျိုးခံစားခွင့်များ ရရှိစေရေးနှင့် တစ်မျိုးသားလုံး အကျိုးဝင်သည့် စီမံကိန်းဖြစ်ရေးပင်ဖြစ်ကြောင်း၊ ကင်ဆာနှင့် နှလုံးရောဂါအထူးကုဆေးရုံ နှစ်ရုံကို ဖွင့်လှစ်သွားနိုင်ရေးအတွက် စီစဉ်လျာထားဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော်၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ပူးပေါင်းပြီး အာမခံအလုပ်သမား၏ လူမှုဘဝလုံခြုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုရရှိခံစားစေရေး ဆောင်ရွက်ပေးခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်စေပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပြုနိုင်မှာ ဖြစ်ကြောင်း အဆိုပါအခမ်းအနားတွင် ဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။

အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလုပ်ရှင်၊ အလုပ်သမားများနှင့် အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြောင်း သိရသည်။

(၁၃၉)

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလွဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြီန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလွဲ၊ သီရိ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်း အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

✱ ရှေ့ဖုံးမှ

ပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုအစိုးရသစ်၏ မူဝါဒသဘောထား၊ လမ်းစဉ်များကို ပြောကြားခဲ့စဉ်က ပြည်တွင်းရေးရာမူဝါဒများကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဥပဒေပြုရေးအစီအစဉ်များကို သက်ဆိုင်ရာလွှတ်တော်များသို့တင်သွင်းပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာများနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခေတ်နှင့်မလျော်ညီသည့် စာပေစာနယ်ဇင်းဆိုင်ရာ အဖြစ် ရပ်တည်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရပါကြောင်း။

ယနေ့အချိန်တွင် မိမိတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခေတ်နှင့်လျော်ညီသော သတင်းမီဒီယာဥပဒေကို ၂၀၁၄ ခုနှစ်မတ် ၁၄ ရက်ကလည်းကောင်း၊ နည်းဥပဒေကို ၂၀၁၅ ခုနှစ် ဇွန် ၁၇ ရက်ကလည်းကောင်း ထုတ်ပြန်ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် သတင်းမီဒီယာနည်းဥပဒေ၏ အခန်း ၃ ပါ သတင်းမီဒီယာကောင်စီဝင်များ ရွေးချယ်တင်မြှောက်ခြင်းကိုပါ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်၍ ယနေ့တွင် နည်းဥပဒေပုဒ်မ ၁၄ ပါအတိုင်း နိုင်ငံတော်သမ္မတရှေ့မှောက်၌ ကတိသစ္စာပြုခြင်းကို ဆောင်ရွက်ကြပြီဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ နိုင်ငံတော်သမ္မတ၏ ရှေ့မှောက်တွင် ကတိသစ္စာပြုကြစဉ်။ (သတင်းစဉ်)

ဥပဒေအချို့ကို ပြင်ဆင်ပြဋ္ဌာန်းခြင်းအား ကဏ္ဍတစ်ခုအနေဖြင့် ထည့်သွင်းပြောကြားခဲ့ပါကြောင်း။

ထို့ပြင် ၂၀၁၁ ခုနှစ် မတ် ၃၁ ရက် မိန့်ခွန်းနှာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားတွင်လည်း စတုတ္ထမဏ္ဍိုင်ဖြစ်သည့် စာနယ်ဇင်းများ၏အခန်းကဏ္ဍကို အလေးထားရန် လိုအပ်ကြောင်း၊ စာနယ်ဇင်းများကတစ်ဆင့် ပြည်သူများ သိသင့်သိထိုက်သည့်အချက်များကို အသိပေးသွားရန်လိုအပ်သကဲ့သို့ စာနယ်ဇင်းများ၏ အပြုသဘောဆောင် အကြံပြုချက်များကိုလည်း အလေးထားရန်လိုအပ်မည်ဟု ထည့်သွင်းပြောကြားခဲ့ပါကြောင်း။

ထိုသို့ ရည်ညွှန်းပြောကြားမှုများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်တွင် ကျင့်ဝတ်နှင့်အညီ ဘက်မလိုက်ဘဲ ဓမ္မမိဋ္ဌာန်ကျကျ ဝေဖန်ထောက်ပြရေးသားသည့် စာနယ်ဇင်းများ၏အရေးပါမှုကို အသိအမှတ်ပြုခဲ့ခြင်းဖြစ်ပါကြောင်း၊ မိမိတို့အစိုးရတာဝန်ယူပြီး ၁ နှစ်နှင့် ၅ လအကြာ ၂၀၁၂ ခုနှစ် သြဂုတ်လတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါအချက်များနှင့်အညီ ခေတ်နှင့်မလျော်ညီတော့သည့် စာပေစစ်ရေးစနစ်ကို အပြီးတိုင်ဖျက်သိမ်းပေးခဲ့ပါကြောင်း၊ တစ်ချိန်တည်းတွင် ဒီမိုကရေစီနိုင်ငံတစ်ခုကို ထူထောင်ရာ၌ အရေးကြီးသောကဏ္ဍတစ်ခုဖြစ်သည့် စာပေဆိုင်ရာလွတ်လပ်သော အဖွဲ့အစည်းများ ပေါ်ပေါက်လာနိုင်ရေးအတွက် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ကို စတင်ဖွဲ့စည်းပေးခဲ့ပါကြောင်း။

စာနယ်ဇင်းကောင်စီ(ယာယီ)အနေဖြင့် သတင်းမီဒီယာဥပဒေတစ်ရပ်ပေါ်ထွန်းလာရေးကို အဓိကထားအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အပြင် တစ်ဖက်တွင်လည်း နိုင်ငံကို သိမ်မွေ့ညင်သာသော အသွင်ကူးပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ သတင်းမီဒီယာများအနေဖြင့် လွတ်လပ်မှု၊ တာဝန်ခံမှု၊ တာဝန်သိမှုတို့ကိုကျင့်သုံးသည့် ဂုဏ်သိက္ခာရှိသော မီဒီယာများ ပါအတိုင်း နိုင်ငံတော်သမ္မတရှေ့မှောက်၌ ကတိသစ္စာပြုခြင်းကို ဆောင်ရွက်ကြပြီဖြစ်ပါကြောင်း။

သတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာသမားများ၏ အခွင့်အရေးတစ်ခုတည်းကိုသာ ကာကွယ်ရန်အတွက်မဟုတ်ဘဲ ပြည်သူများ၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန်၊ ပြည်သူများ၊ သတင်းမီဒီယာများ၏ စောင့်ကြည့်ဝေဖန်ခြင်းကိုခံရမည့် မဏ္ဍိုင်များအနေဖြင့် မှန်ကန်တိကျပြီး အရည်အသွေးပြည့်ဝသည့် သတင်းအချက်အလက်များကို ရရှိစေရန်အတွက် စာနယ်ဇင်းကျင့်ဝတ်ဆိုင်ရာ အဆင့်အတန်းများကို ထိန်းသိမ်းပေးရန်ဆိုသည့် လုပ်ငန်းတာဝန်များရှိကြောင်း၊ အဆိုပါတာဝန်များကို သတင်းမီဒီယာကောင်စီအနေဖြင့် သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

သတင်းမီဒီယာကောင်စီသည် ညှိနှိုင်းဖြေရှင်းခြင်းနှင့် အရေးယူခြင်းအတွက်လည်း ဥပဒေအရဆောင်ရွက်ပေးနိုင်သည့် အခွင့်အာဏာရှိသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းတာဝန်များကိုလည်း သတင်းမီဒီယာကောင်စီအနေဖြင့် ထုတ်ပြန်ပြဋ္ဌာန်းပြီးဖြစ်သော ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးသွားကြရတော့မည်ဖြစ်ပါကြောင်း၊ တိုင်ကြားမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာစွာဖြင့် အများယုံကြည်မှုရှိအောင် ဆောင်ရွက်နိုင်မည်ဆိုလျှင် ကျင့်ဝတ်ဆိုင်ရာပြဿနာများနှင့်ပတ်သက်ပြီး တရားရုံးများတွင် ဖြေရှင်းရမည့်အစား သတင်းမီဒီယာကောင်စီတွင် ဖြေရှင်းကြသည်ဆိုတာကို နိုင်ငံတကာစာနယ်ဇင်းကောင်စီများ၏ ဖြစ်စဉ်များအရ တွေ့မြင်နိုင်ပါကြောင်း။

ထို့ကြောင့် သတင်းမီဒီယာကောင်စီ၏ တိုင်ကြားမှုညှိနှိုင်းဖြေရှင်းရေးလုပ်ငန်းစဉ်ကို အသက်ဝင်အောင်လုပ်ဆောင်ရန်အတွက် အားလုံးပူးပေါင်းလုပ်ဆောင်ကြရန် တိုက်တွန်းလိုပါကြောင်း၊ မိမိတို့အစိုးရတာဝန်ယူခဲ့သည့် ၅ နှစ်တာကာလအတွင်း နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်ဖြစ်သော မီဒီယာများနှင့် ပတ်သက်ပြီး စာပေစိစစ်ရေးစနစ်ကို အပြီးတိုင်ဖျက်သိမ်းပေးခဲ့ခြင်း၊ ခေတ်နှင့်လျော်ညီသော သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများကို လွတ်လပ်သော စာနယ်ဇင်းအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ရေးဆွဲပြဋ္ဌာန်းပေးနိုင်ခဲ့ခြင်း၊ လွတ်လပ်ပြီး အမှီအခိုကင်းသည့် သတင်းမီဒီယာကောင်စီတစ်ရပ်ကို ဖွဲ့စည်းပေးနိုင်ခဲ့ခြင်းတို့အတွက် လွတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)အပါအဝင် စာနယ်ဇင်းအသင်းအဖွဲ့များနှင့် မီဒီယာများကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသည့် သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ နိုင်ငံတော်သမ္မတ၏ ရှေ့မှောက်တွင် ကတိသစ္စာပြုကြစဉ်။ (သတင်းစဉ်)

ဂျပန်-အိန္ဒိယ စီးပွားရေးနှင့် စစ်ရေးပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးမည်

နယူးဒေလီ ဒီဇင်ဘာ ၁၁

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီသို့ ဒီဇင်ဘာ ၁၁ ရက်တွင် ဆိုက်ရောက်လာသည်။ ဝန်ကြီးချုပ် အာဘေးသည် သုံးရက်ကြာ အိန္ဒိယခရီးစဉ်အတွင်း စီးပွားရေးနှင့် စစ်ရေးဆိုင်ရာ သဘောတူညီချက် အများအပြား ရရှိရေးအတွက် ဝန်ကြီးချုပ် နရေန္ဒြာမိုဒီနှင့် ဆွေးနွေးရန် စီစဉ်ထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ် အာဘေးသည် ဝန်ကြီးချုပ်မိုဒီနှင့် ထိပ်သီးဆွေးနွေးပွဲ ကျင်းပမည်ဖြစ်သည်။

ဝန်ကြီးချုပ်အာဘေး၏ ခရီးစဉ်အတွင်း လက်မှတ်ရေးထိုးဖွယ်ရှိသည့် သဘောတူညီချက် အများအပြားတွင် ကျည်ဆန်ရထားကွန်ရက်တည်ဆောက်ရေးနှင့် အရပ်ဘက်သုံး နျူကလီးယားဓာတ်အားထုတ်လုပ်ရေးတို့ ပါဝင်မည်ဖြစ်သည်။ ဂျပန်နည်းပညာဖြင့် တည်ဆောက်မည့် ကျည်ဆန်ရထားကွန်ရက်စီမံကိန်းကို အကောင်အထည်ဖော်မည်ဆိုပါက ရူပီးကုဋေ ၉၈၀၀၀ ကျခံ သုံးစွဲရမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အာရှတိုက်၌ အင်အားကြီးနိုင်ငံ နှစ်နိုင်ငံဖြစ်ကြသော ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့သည် မဟာဗျူဟာမြောက်ဆက်ဆံရေးကို ထူထောင်နိုင်ရန် မျှော်မှန်းလျက်ရှိကြသည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် ဒီဇင်ဘာ ၁၂ ရက်တွင် နဝမအကြိမ် နှစ်ပတ်လည်ထိပ်သီးဆွေးနွေးပွဲကို ကျင်းပမည်ဖြစ်သည်။ နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးတို့ အပါအဝင် စီးပွားရေးဆက်ဆံမှုမြှင့်တင်ရေး ပြုလုပ်နိုင်ရန် တစ်နှစ်တာကာလအတွင်း ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ အာဘေးနှင့် မိုဒီတို့ ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ပီတီအိုင်။

ဆီးရီးယားအစိုးရနှင့် အတိုက်အခံအမျိုးအစည်းများ ဇန်နဝါရီလအစောပိုင်းတွင် ငြိမ်းချမ်းရေးဆွေးနွေးမည်

ဒမတ်စကတ် ဒီဇင်ဘာ ၁၁

ဆီးရီးယားအတိုက်အခံပါတီများနှင့် စစ်သွေးကြွအဖွဲ့များသည် ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ် ဦးဆောင်သောအစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို လာမည့်နှစ် ဇန်နဝါရီလအစောပိုင်းတွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် ယင်းဆွေးနွေးပွဲတွင် ဆွေးနွေးနိုင်ရန် အတိုက်အခံအဖွဲ့များက အဖွဲ့တစ်ဖွဲ့ကို ပေါင်းစပ်ဖွဲ့စည်းမည်ဖြစ်ကြောင်း ၎င်းတို့ကဆိုသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွက် ပေါင်းစပ်အဖွဲ့ဖွဲ့စည်းနိုင်ရန် ဆော်ဒီအာရေဗျနိုင်ငံ ရီယတ်မြို့တွင် နှစ်ရက်ကြာကျင်းပခဲ့သည့် အစည်းအဝေးပွဲ၌ အတည်ပြုခဲ့ကြသည်။ အဆိုပါအစည်းအဝေးပွဲသို့ နိုင်ငံရေးအဖွဲ့အစည်းများနှင့် လက်နက်ကိုင်အဖွဲ့အစည်းများမှ အဖွဲ့ဝင် ၁၀၀ ကျော် တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အဖွဲ့ဝင် ၃၀ ပါရှိသော အဖွဲ့တစ်ဖွဲ့ကို ပေါင်းစပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ယင်းအစည်းအဝေးပွဲပြီးနောက် သတင်းစာရှင်းလင်းပွဲတွင် ကိုယ်စားလှယ်များက ပြောကြားခဲ့ကြောင်း သိရသည်။ အဆိုပါအဖွဲ့အစည်းများက သမ္မတ ဘာရှားအယ်လ်အာဆတ် ဦးဆောင်သော အစိုးရအဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဇန်နဝါရီလအစောပိုင်းတွင် ကျင်းပနိုင်ရန် လျာထားသည်။

အာဏာလွှဲပြောင်းမှုများမပြုလုပ်မီ သမ္မတ အာဆတ်နှင့် သူ၏ နောက်လိုက် နောက်ပါများအား ရာထူးမှ နုတ်ထွက်ပေးရန် တွန်းအားပေးမည်ကို အဆိုပါအဖွဲ့အစည်းများက လက်ခံသဘောတူညီခဲ့ကြသည်။

အဆိုပါနိုင်ငံရေးအဖွဲ့အစည်းများတွင် လွတ်လပ်သော ဆီးရီးယားတပ်ဖွဲ့၊ အနောက်နိုင်ငံများ အခြေပြု ဆီးရီးယားအမျိုးသားညွှန့်ပေါင်းအဖွဲ့တို့ ပါဝင်သည်။ အိုင်အက်စ်စစ်သွေးကြွအဖွဲ့နှင့် ဆီရီးယားနိုင်ငံမြောက်ဘက်ပိုင်းရှိ နယ်မြေအများအပြားကို ထိန်းချုပ်ထားသော အယ်ခိုင်ဒါအဖွဲ့နှင့်ဆက်စပ်သည့် နူစရီ ဦးဆောင်အဖွဲ့တို့ကို ဆော်ဒီအာရေဗျနိုင်ငံတွင်ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခဲ့ခြင်းမရှိခဲ့ပေ။

သမ္မတအာဆတ်ဦးဆောင်သော အစိုးရအဖွဲ့နှင့် ဆီးရီးယားအတိုက်အခံအဖွဲ့များအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပရန် အနောက်နိုင်ငံများနှင့်အရှေ့အလယ်ပိုင်းနိုင်ငံများ အပါအဝင် အမေရိကန်ပြည်ထောင်စုတို့က လွန်ခဲ့သောလတွင် လက်ခံသဘောတူညီခဲ့ကြပြီး ဆွေးနွေးပွဲကို ဇန်နဝါရီ ၁ ရက်တွင် ကျင်းပနိုင်ရန် လျာထားကြောင်း သိရသည်။

အန်င်အိတ်ချ်ကေ။

အိုင်အက်စ်အပွဲ့က ရေနံတင်ပို့ရောင်းချခြင်းမှ ဒေါ်လာသန်း ၅၀၀ ကျော် ရရှိခဲ့ဟုဆို

ဝါရှင်တန် ဒီဇင်ဘာ ၁၁

အစ္စလာမ္မစ်နိုင်ငံတော်(အိုင်အက်စ်)အဖွဲ့သည် ရေနံကုန်သွယ်ရောင်းဝယ်ခြင်းမှ ဒေါ်လာသန်း ၅၀၀ ကျော် ဝင်ငွေရရှိခဲ့ကြောင်း၊ ရေနံအများအပြားကို ဆီးရီးယား သမ္မတ ဘာရှားအယ်လ်အာဆတ်၏ အစိုးရအဖွဲ့က ဝယ်ယူပြီး ရေနံအချို့မှာမူ တူရကီနိုင်ငံသို့ ရောင်းချခြင်းဖြစ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဌာန အထက်တန်းတာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၁၀ ရက်တွင် ပြောကြားသည်။

အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်နှင့် ရုရှားနိုင်ငံတို့သည် အိုင်အက်စ်အဖွဲ့ကို ချေမှုန်းပစ်မည်ဟု သန္ဓိဋ္ဌာန်ပြုထားကြသည်။ ယင်းအဖွဲ့သည် ဆီးရီးယားနှင့် အီရတ်နယ်မြေအချို့ကို ထိန်းချုပ်ထားသည်။

အမေရိကန်ဦးဆောင်သော ညွှန့်ပေါင်းအဖွဲ့က သဘောထားတင်းမာသည့် ဆွန်နီအုပ်စုဖြစ်သော အိုင်အက်စ်အဖွဲ့ကို လေကြောင်းမှ တိုက်ခိုက်လျက်ရှိသည်။

အိုင်အက်စ်အဖွဲ့သည် ရေနံအများအပြားကို အာဆတ်အစိုးရသို့ ရောင်းချပေးကြောင်း အမေရိကန်ဘဏ္ဍာရေးဌာန အကြမ်းဖက်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာ ထောက်လှမ်းရေး ခေတ္တလက်ထောက်ဝန်ကြီး အက်စ်ဇူဘင်က ပြောကြားသည်။

အိုင်အက်စ်အဖွဲ့ကရောင်းချသောရေနံအချို့ကို ယင်းအဖွဲ့ထိန်းချုပ်ရာ နယ်မြေဒေသများ၌ သုံးစွဲပြီး အချို့ကို ကာ့ဒ်ဒေသများသို့လည်းကောင်း၊ တူရကီသို့လည်းကောင်း ပို့ဆောင်ကြောင်း ၎င်းက ပြောကြားသည်။ **ရိုက်တာ။**

Arrow-3 ဒုံးကျည် ကြားဖြတ်ဟန့်တားရေးစနစ် အစ္စရေးအောင်မြင်စွာ စမ်းသပ်

တဲအဗစ် ဒီဇင်ဘာ ၁၁

အစ္စရေးနိုင်ငံက အမေရိကန်ပြည်ထောင်စုနှင့် ပူးတွဲထုတ်လုပ်ထားသော ဒုံးကျည်ကြားဖြတ်ဟန့်တားရေးစနစ်တစ်ခုကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ကြောင်း အစ္စရေးနိုင်ငံက ဒီဇင်ဘာ ၁၀ ရက်တွင် ကြေညာခဲ့သည်။

အဆင့်မြှင့်တင်ထားသော Arrow-3 တိုက်ချင်းပစ် ဒုံးကျည်ကြားဖြတ်ဟန့်တားရေးစနစ်သည် ကမ္ဘာ့လေထု အထက်ရှိ ပစ်မှတ်တစ်ခုကိုပစ်ချနိုင်သည့် ကြားဖြတ်ဟန့်တားရေးစမ်းသပ်မှုတစ်ရပ်ကို အောင်မြင်ခဲ့ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ အဆိုပါဒုံးကျည်ကြားဖြတ် ဟန့်တားရေးစနစ်ကို အမေရိကန်ပြည်ထောင်စု၏ ဘဏ္ဍာရေးနှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများဖြင့် အစ္စရေးကုမ္ပဏီတစ်ခုက ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ပစ်မှတ်တစ်ခုကို Arrow-3 ဒုံးကျည်ကြားဖြတ်ဟန့်တားရေးစနစ်က ပစ်ချခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ပြီး ယင်းစမ်းသပ်မှုအခမ်းအနားသို့ ပင်တဂွန်ဒုံးကျည်ကာကွယ်ရေးအေဂျင်စီမှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့သည်။ ယခု စမ်းသပ်မှု အောင်မြင်ခြင်းသည် အစ္စရေးနိုင်ငံ၏ ဒုံးကျည်ကာကွယ်ရေးစနစ်အဆင့်မြှင့်တင်ရာတွင် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်မည်ဟု ယုံကြည်ရသည်။

အစ္စရေးနိုင်ငံက ဒုံးကျည် သို့မဟုတ် ဒုံးပျံတိုက်ခိုက်မှုများကိုကာကွယ်ရန် အလွှာလေးလွှာပါဝင်သောဒုံးကျည်ကာကွယ်ရေးစနစ်ကို တီထွင်လျက်ရှိကြောင်းသိရသည်။ ယခု နောက်ဆုံးစမ်းသပ်လိုက်သော Arrow-3 ဒုံးကျည်ကြားဖြတ်ဟန့်တားရေးစနစ်မှာ အီရန်နိုင်ငံမှ တာဝေးပစ်ဒုံးကျည်များကို ပစ်ချရန်ပုံစံထုတ်ထားသော အပေါ်ဆုံးအလွှာဖြစ်သည်။ အခြားဒုံးကျည်ကာကွယ်ရေးစနစ်များမှာ လက်ဘန္တန်နိုင်ငံရှိ ဟစ်ဇဘိုလာအဖွဲ့နှင့် ပါလက်စတိုင်းရှိ ဟားမာ့စ်အဖွဲ့ကဲ့သို့သော အနီးပတ်ဝန်းကျင်ရှိ ရန်လိုသောအဖွဲ့များ၏ တိုက်ခိုက်မှုများမှကာကွယ်ရန် ပုံစံထုတ်ထားခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ်က ဟားမာ့စ်အဖွဲ့နှင့်တိုက်ခိုက်ရာတွင် ၎င်းတို့၏တာလတ်သံမဏိလိပ်ခုံးဒုံးကျည်ကြားဖြတ် ဟန့်တားရေးစနစ်က ပစ်မှတ်များ၏ ၈၉ ရာခိုင်နှုန်းကို ထိမှန်ခဲ့ကြောင်း အစ္စရေးနိုင်ငံက ဆိုသည်။ **အန်အိတ်ချ်ကေ။**

နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်စွမ်းရှိသည့် တာလတ်ပစ်ဒုံးကျည် ပါကစ္စတန် စမ်းသပ်မှုအောင်မြင်

အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၁၁

နျူကလီးယားထိပ်ဖူးတပ် လက်နက်သယ်ဆောင်နိုင်စွမ်းရှိပြီး အကွာအဝေး ကီလိုမီတာ ၂၇၅၀ ခန့်အထိ ပစ်လွှတ်နိုင်သည့် မြေပြင်မှ မြေပြင်ပစ် တာလတ်ပစ်ဒုံးကျည် ရှာဟန်း-၃ ကို ပါကစ္စတန်နိုင်ငံက ဒီဇင်ဘာ ၁၁ ရက်တွင် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း ယနေ့ပီတီအိုင်သတင်းတွင် ဖော်ပြသည်။

သမားရိုးကျလက်နက်ထိပ်ဖူးရော၊ နျူကလီးယားလက်နက်ထိပ်ဖူးပါ သယ်ဆောင်နိုင်သော ယင်းဒုံးကျည်ကို အာရေဗျပင်လယ်အတွင်းရှိ ပစ်မှတ်သို့ စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါဒုံးကျည်ပစ်ခတ်စမ်းသပ်မှုကို ပါကစ္စတန်တပ်မတော် မဟာဗျူဟာရေးရာဌာနမှ အထက်တန်းအရာရှိများ၊ သိပ္ပံပညာရှင်များနှင့် အင်ဂျင်နီယာများ တက်ရောက်ကြည့်ရှုခဲ့ကြသည်။

ယင်းဒုံးကျည် စမ်းသပ်ပစ်လွှတ်မှု အောင်မြင်ခဲ့ခြင်းမှာ ပါကစ္စတန်နိုင်ငံအတွက် သမိုင်းဝင်အောင်မြင်မှုဖြစ်ကြောင်း ပါကစ္စတန်တပ်မတော် မဟာဗျူဟာဆိုင်ရာ စီမံခန့်ခွဲမှု ညွှန်ကြားရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မက်ဇီဟာဂျမေးလ်က ပြောကြားခဲ့သည်။

ယင်းဒုံးကျည် ပစ်လွှတ်မှုအောင်မြင်ခဲ့ခြင်းအတွက် ပါကစ္စတန်နိုင်ငံသမ္မတ မန်နူးဟူစိန်နှင့် ဝန်ကြီးချုပ် နာဝပ်ဇရ်ရှရစ်ဖတို့က အဆိုပါဒုံးကျည်စီမံကိန်းတွင် ပါဝင်သည့် သိပ္ပံပညာရှင်များနှင့် အတတ်ပညာရှင်များထံ ဝမ်းမြောက်သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။ **ပီတီအိုင်။**

ပြည်တွင်းရေးရာ

ရေကြီးရေလျှံမှုနှင့် မြေပြိုမှုအလွန်ကာလ လိုအပ်ချက်များ ဆန်းစစ်ချက်အစီရင်ခံစာထုတ်ပြန်

ပြည်တွင်းပြည်ပမှစွမ်းအားများကိုရယူလျက် နိုင်ငံပြန်လည်ထူထောင်ရေး အကျိုးရှိစွာအသုံးချမည်

နေပြည်တော် ဒီဇင်ဘာ ၁၁

ရေကြီးရေလျှံမှုနှင့် မြေပြိုမှုအလွန်ကာလ လိုအပ်ချက်များ ဆန်းစစ်ချက်အစီရင်ခံစာထုတ်ပြန်သည့် ပြန်လည်ထူထောင်ရေးဖိုရမ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ Hilton ဟိုတယ်၌ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။**(ယာပုံ)**

ရှေးဦးစွာ ဒုတိယသမ္မတက ရေကြီး ရေလျှံမှုနှင့် မြေပြိုမှုအလွန်ကာလ လိုအပ်ချက်များ ဆန်းစစ်ချက်အစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် ပိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြသော အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ အကြံပေးအဖွဲ့ အဖွဲ့ဝင်များ၊ ပြန်လည်ထူထောင်ရေးပေါင်းစပ်ညှိနှိုင်းမှုကော်မတီအဖွဲ့ဝင်များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်ကိုယ်စားလှယ်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဤအစီရင်ခံစာသည် ဘေးလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအတွက် ဘက်စုံပြည့်စုံပြီးလက်တွေ့အသုံးဝင်မည်ဖြစ်ပါကြောင်း။

ဇူလိုင်မှ စက်တင်ဘာကာလအတွင်း ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ပြည်သူများစွာ၏ဘဝ ပြန်လည်ကောင်းမွန်စွာ တည်ဆောက်ပေးရန်ဟူသည့် တစ်ခုတည်းသော ရည်ရွယ်ချက်ဖြင့် အားလုံးညီညီညွတ်ညွတ်နှင့် ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွင် ကြုံတွေ့လျက်ရှိသော စိန်ခေါ်မှုနှင့်အခက်အခဲများကို ကျော်လွှားဖြေရှင်းပေးမည့်အဖြေများကို ပိုင်းဝန်းဆွေးနွေးဖော်ထုတ်ရန်အစည်းအဝေးပေါင်းများစွာ ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ အမျိုးသားအဆင့် ဖိုရမ်ကိုလည်း ကျင်းပခဲ့သည်မှာ ယခုအကြိမ်အပါအဝင်ဆိုလျှင် သုံးကြိမ်ရှိပြီဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ပြည့်စုံသောအဖြေများကို ဖော်ထုတ်နိုင်ခဲ့ပြီး အနာဂတ်မြန်မာနိုင်ငံတော်အတွက် မျှော်လင့်ချက်ခွန်အားဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း။

များစွာသော ရေဘေးသင့်ရပ်ရွာများတွင် ကြီးမားသော ပျက်စီးဆုံးရှုံးမှုအကြား၌ ပရဟိတစိတ်ဖြင့် တစ်ထောင့်တစ်လည့် ပိုင်းဝန်းဖေးကူသည့် စိတ်ဓာတ်၊ မိမိကျန်ရစ်သမျှ ပစ္စည်းဥစ္စာကို အများသူငါနှင့် ဝေမျှသုံးစွဲနိုင်သည့် စိတ်ဓာတ်ကြီ့ခိုင်မှုများကို မြင်တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ကယ်ဆယ်ရေးနှင့် ရှေးဦးပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကိုယ်ကျိုးမဖက် စွမ်းစွမ်းတမံ စွန့်လွှတ်အနစ်နာခံခဲ့ကြသော အရပ်ဘက်အဖွဲ့အစည်းများနှင့် တပ်မတော်သားများ၏ ဂုဏ်ယူခြီးကျူးဖွယ်ရာ အသက်စွန့်အနစ်နာခံမှုများကိုလည်း အသိအမှတ်ပြုရမည်ဖြစ်ပါကြောင်း၊ ထိုသတ္တိနှင့် ကြံ့ခိုင်မှုများသည် ရှေ့လာမည့် ပြန်လည်ထူထောင်ရေးဖြစ်စဉ်အတွက် ခွန်အားတစ်ရပ် ဖြစ်ပါကြောင်း။

ယခုအစီရင်ခံစာသည် ပြီးခဲ့သည့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုကာလတွင် ထိခိုက်နစ်နာခဲ့သော လူဦးရေ နှစ်သန်းနီးပါးရှိသည့် ပြည်သူများစွာ၏ လိုအပ်ချက်ကို စနစ်တကျသုံးသပ်နိုင်ရန် ရည်ရွယ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းနိုင်ရန် တစ်ဖက်ကကြိုးစားနေစဉ် အခြားတစ်ဖက်တွင်လည်း ကမ္ဘာအရပ်ရပ်တွင် ဖြစ်ပွားလျက်ရှိသော စီးပွားရေးဂယက်များကို ခုခံကာကွယ်နိုင်ရန်ကြိုးစားနေချိန် ယခုကဲ့သို့ဘေးအန္တရာယ်ကျရောက်မှုကြောင့် များစွာအခက်အခဲ ဖြစ်ခဲ့ပါကြောင်း၊ အစီရင်ခံစာတွင် ဤဘေးအန္တရာယ်ကြောင့် ထိခိုက်နစ်နာခဲ့သော စီးပွားရေးတန်းဖိုးပမာဏသည် ပျမ်းမျှအားဖြင့် ကျပ်သန်းပေါင်း ၁ ဒသမ ၉ ထရီလီယံ (သို့မဟုတ်) အမေရိကန်ဒေါ်လာ သန်းပေါင်း ၁ ဒသမ ၅ ဘီလီယံခန့်ဆုံးရှုံးမည်ဟု ခန့်မှန်းထားပြီး ပြန်လည်ထူထောင်ရေးအတွက် လိုအပ်ချက်မှာလည်း ယင်းပမာဏခန့်ရှိမည်ဟု ခန့်မှန်းထားပါကြောင်း။

ဤအစီရင်ခံစာ၏ အရေးပါသောအကြံပြုချက်များမှာ အုပ်ချုပ်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုကို အားကောင်းစေရေး၊ သတင်းအချက်အလက်စနစ်နှင့် ရှေးဦးအရေးပေါ် ကြိုတင်ကြေညာနိုင်မှုစနစ်များ ထူထောင်နိုင်ရေး၊ အရေးပေါ်လုပ်ငန်းစဉ်များ အားကောင်းစေရေး၊ ရှေးဦးပြန်လည်ထူထောင်ရေးအားဦးစားပေးဆောင်ရွက်နိုင်ရေး၊ အရင်းအမြစ်ခွဲဝေမှုကို ပွင့်လင်းမြင်သာစွာနှင့် တာဝန်ယူမှုပြည့်ဝစွာ စီမံခန့်ခွဲနိုင်ရေး၊ အုပ်ချုပ်ရေးစနစ်နှင့် လုပ်ထုံးလုပ်နည်းများ ခိုင်မာရေးတို့ဖြစ်ပါကြောင်း။

ဤရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ယနေ့ ပြုပြင်ပြောင်းလဲရေးမျိုးစေ့မှသည် အနာဂတ်ဖွံ့ဖြိုးရေးအသီးအပွင့်များဖြစ်ထွန်းစေရေးအတွက် ရှေ့နောက်အဆက်အစပ်ရှိရှိ ဆောင်ရွက်ရန်လိုအပ်မည့် စီးပွားရေးစီမံကိန်းများ ပြန်လည်ထူထောင်ရေး မူဘောင်တစ်ရပ်ရေးဆွဲရန်၊ ပုဂ္ဂလိကကဏ္ဍအနေဖြင့် စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများကို ရေရှည်တည်တံ့ပြီး စွမ်းအားရှိသည့် စီးပွားရေးစနစ်တစ်ရပ်မှသည် ပြည်သူ့အများစုနှင့် သာတူညီမျှခံစားရမည့် တိုးတက်မှုပုံစံအသစ်တစ်ရပ်ပေါ်ထွန်းလာစေရေးအတွက် ပိုင်းဝန်းကြိုးပမ်းကြရန်၊ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ပြန်လည်ထူထောင်ရေးကို မြန်မြန်ဆန်ဆန် ခိုင်ခိုင်မာမာ ဆောင်ရွက်နိုင်မည့် စွမ်းအားပြည့်လုပ်ငန်းစဉ်များ အားတက်သရော ဆောင်ရွက်နေမှုများကို ဆက်လက်အရှိန်မြှင့် ဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း။

နိုင်ငံတကာနှင့် ပြင်ပအကူအညီများ မည်သို့ပင်ရယူနိုင်သည်ဖြစ်စေ မိမိတို့ခံယူထားရမည်မှာ အဆုံးသတ်တွင် မိမိခြေထောက်ပေါ် မိမိရပ်တည်ပြီး ကိုယ့်အားကိုယ်ကိုး ပြန်လည်ဖျိုးထောင်နိုင်မည့်ခွန်အားကို ယခုကတည်းကတည်ဆောက်သွားရန် ဖြစ်ပါကြောင်း။

ယခုအစီရင်ခံစာသည် ပြည်တွင်းပြည်ပမှ စွမ်းအားများအားလုံးကို အမိအရ လက်ကမ်းရယူလျက် နိုင်ငံပြန်လည်ထူထောင်ရေးအတွက် အကျိုးရှိစွာ အသုံးချနိုင်မည်ဟု မျှော်လင့်ရပါကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂ၊ အီးယူနှင့် ဂျပန်နိုင်ငံ ကိုယ်စားလှယ်မစ္စတာ မိုက်ကယ်ဂရေပင်တန်က ပြန်လည်ထူထောင်ရေးလိုအပ်ချက်များ ဆန်းစစ်ချက်ကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာဇော်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်တို့က ပြန်လည်ထူထောင်ရေးမဟာဗျူဟာနှင့် ပြန်လည်ထူထောင်ရေးစင်တာ လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ရေဘေးသင့်ဒေသများပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ပြန်လည်ထူထောင်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာဇော်ဦးက ပြန်လည်ထူထောင်ရေးဆိုင်ရာအကြံပြုချက်များကိုလည်းကောင်း၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

❖ ကန်သာယာတာဝါမှ

OFFICE TOWER (LIFT 6 စင်း)၊ အထပ်ပေါင်း ၁၉ ထပ်ရှိ FIVE STAR HOTEL (LIFT 4 စင်း)နှင့် အထပ်ပေါင်း ၁၉ ထပ်ရှိ အခန်းပေါင်း ၁၇၁ ခန်းပါဝင်မည့် SERVICED APARTMENT (၂၈၀၁၂ စတုရန်းပေ) (LIFT 6 စင်း) တို့ပါဝင်ဆောက်လုပ်သွားမည်ဖြစ်ပြီး အရေးပေါ်မီးသတ်စနစ်အတွက် ဓာတ်လှေကားများ ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်သည်။ RESIDENTIAL TOWER မှာ Asia Myanmar Consortium Development ကုမ္ပဏီလီမိတက်မှ ဆောက်လုပ်ခြင်းဖြစ်ပြီး ကျန်အဆောက်အအုံ သုံးလုံးမှာ Asia Myanmar Shinning Star Investment ကုမ္ပဏီလီမိတက်မှ ဆောက်လုပ်ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံရှိ WYNDAH HOTEL ASIA PACIFIC ကုမ္ပဏီက FIVE STAR HOTEL ရှိ အခန်းများအတွက် အခန်းဖွဲ့စည်းပုံများ တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အထပ်ပေါင်း ၁၉ ထပ်ရှိ FIVE STAR HOTEL အနေဖြင့် မြေညီထပ်မှ ၃ လွှာအထိကို Shopping Mall များ၊ စားသောက်ဆိုင်များ၊ အားကစားခန်းမ (Gymnasium)များလည်း ထည့်သွင်းဆောက်လုပ်ထားကြောင်း၊ အပေါ် ၁၆ လွှာအတွက် အခန်းပေါင်း ၂၅၈ ခန်း ပါဝင်ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ Basement 1၊ Basement 2 နှင့် Level 1 တွင် ယာဉ်ရပ်နားနိုင်မည့်ကားပါကင်များ ပါဝင်မည်ဖြစ်ပြီး ရေသိုလှောင်ကန်များ၊ ဂျင်နရေတာအခန်းများ၊ ထရန်စဖော်မာအခန်းများ၊ မီးသတ်ရေသိုလှောင်ကန်များနှင့် အညစ်အကြေးစွန့်ပစ်အခန်းများ ပါဝင်မည်ဖြစ်ကာ Level 3 မှစ၍ စီမံကိန်း၏ တာဝါများတစ်ခုချင်းစီ ခွဲထွက်သွားမည်ဖြစ်သည်။

လက်ရှိအနေအထားအရ Phase 1 အပိုင်းဖြစ်သော RESIDENTIAL TOWER အတွက် ကွန်ကရစ် ၁၃ ထပ်လောင်းပြီးသွားပြီဖြစ်ပြီး Phase 2 အပိုင်းဖြစ်သော OFFICE TOWER မှာလည်း Basement 2 ထိ ကွန်ကရစ်လောင်းပြီးသွားပြီဖြစ်သည်။ Phase 3 အပိုင်းဖြစ်သော FIVE STAR HOTEL နှင့် SERVICED APARTMENT မှာလည်း ပိုင်လင်လုပ်ငန်းများ အလုံးစုံဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပြီး ထိုမှတစ်ဆင့် ပိုင်ကပ်လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။ Phase 1 အပိုင်းဖြစ်သော RESIDENTIAL TOWER ဆောက်လုပ်နေမှုမှာ ၃၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပြီး လက်ရှိအနေအထားအရ စီမံကိန်းတစ်ခုလုံး၌ နိုင်ငံခြားသားအင်ဂျင်နီယာ ၂၀၊ ပြည်တွင်း အင်ဂျင်နီယာ ၁၅ ဦးနှင့် လုပ်သားအင်အား ၂၀၀ ကျော်တို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ FIVE STAR HOTEL နှင့် SERVICED APARTMENT ဆောက်လုပ်ပြီးစီးပါက Asia Myanmar Shinning Star Investment ကုမ္ပဏီလီမိတက်မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ အပ်နှံရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ Asia Myanmar Shinning Star Investment ကုမ္ပဏီလီမိတက်အား ပြန်လည်ငှားရမ်းသွားမည်ဖြစ်သည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က MIC ခွင့်ပြုချက်ဖြင့် တည်ဆောက်နေသော အဆိုပါကန်သာယာတာဝါအဆင့်မြင့် စီမံကိန်း (Kan Thar Yar Consortium Towers Project) တည်ဆောက်ရန်အတွက် Asia Myanmar Consortium Development ကုမ္ပဏီလီမိတက်မှ ၂၀၁၃ ခုနှစ် မေလ ၁၁ ရက်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အကျိုးတူပူးပေါင်းတည်ဆောက်ရန် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ယင်းနှစ် ဒီဇင်ဘာလ ၌ပင် စီမံကိန်းမြေတူးဖော်ခြင်းလုပ်ငန်းများ စတင်ခဲ့ကြောင်း သိရသည်။

ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၉) မှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ် (၉၆/ ၂၀၁၅)၌ ဖော်ပြထားသည့်

(က) အပိုဒ် ၃(ခ) (၃) တွင်
- (ကက) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၃၈၀၁၅၈၈၀ ဦး **အစား** ၃၈၀၂၀၂၉၇ ဦး
- (ခခ) ဆန္ဒမဲပေးသူဦးရေ ၂၆၃၆၈၄၆၇ ဦး **အစား** ၂၆၃၆၈၂၀၇ ဦး
- (ဂဂ) ဆန္ဒမဲပေးမှုရာခိုင်နှုန်း ၆၉ ဒသမ ၃၆ ရာခိုင်နှုန်း **အစား** ၆၉ဒသမ ၃၅ ရာခိုင်နှုန်း

(ခ) အပိုဒ် ၃ (ဂ) (၃) တွင်
- (ကက) ဆန္ဒမဲပေးသူဦးရေ ၃၈၀၁၅၈၈၀ ဦး **အစား** ၂၆၃၆၈၂၀၇ ဦး
- (ခခ) ရရှိသည့်ခိုင်လုံသောဆန္ဒမဲအရေအတွက် ၂၅၁၀၃၂၅၂ မဲ **အစား** ၂၅၁၀၃၃၃၄ မဲ
- (ဂဂ) ခိုင်လုံသောဆန္ဒမဲရရှိမှုရာခိုင်နှုန်း ၆၆ ဒသမ ၀၃ ရာခိုင်နှုန်း **အစား** ၉၅ ဒသမ ၂၀ ရာခိုင်နှုန်း

(ဂ) အပိုဒ် ၃ (ဃ) (၃) တွင်
- (ကက) ဆန္ဒမဲပေးသူဦးရေ ၃၈၀၁၅၈၈၀ ဦး **အစား** ၂၆၃၆၈၂၀၇ ဦး
- (ခခ) ရရှိသည့် ခိုင်လုံသော ဆန္ဒမဲအရေအတွက် ၂၅၁၀၃၂၅၂ မဲ **အစား** ၂၅၁၀၃၃၃၄ မဲ
- (ဂဂ) ပယ်မဲ၊ ပျောက်မဲ အရေအတွက် ၁၂၆၅၂၁၅ မဲ **အစား** ၁၂၆၄၈၈၃ မဲ
- (ဃဃ) ဆန္ဒမဲရရှိမှုအနက် ပယ်မဲ၊ ပျောက်မဲရာခိုင်နှုန်း ၃ ဒသမ ၃၃ ရာခိုင်နှုန်း **အစား** ၄ ဒသမ ၈၀ ရာခိုင်နှုန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ရှေ့နေနှင့်သက်သေ

ဦးဟန်ညွန့် (ဥပဒေ)

ရှေ့နေက ရှေ့နေအလုပ်လုပ်ပါ။ သက်သေက သက်သေအလုပ်လုပ်ပါ။ ကိုယ့်အလုပ်ကိုယ်လုပ်ကြမှ တာဝန်ကျေမည်။ ကိုယ့်အလုပ်ကိုယ့်တာဝန်ကို သိဖို့လိုမည်။ သိမှလည်းတာဝန်ကျေမည်။ မသိလျှင် သိအောင်ကြိုးစားသင့်သည်။ သက်သေခံအက်ဥပဒေနှင့် အညီ ကျင့်သုံးလိုက်နာရမည်ဖြစ်သည်။

မေးချင်သလိုမေး၍မရ

ရှေ့နေတစ်ယောက်သည် သက်သေတစ်ယောက်အား ပြန်လှန်စစ်မေးခွင့်ရှိသည်။ စစ်မေးခွင့် အပြည့်အဝရှိသည်ဟု သက်သေခံအက်ဥပဒေပုဒ်မ ၁၄၆ က ပြဋ္ဌာန်းထားသည်။ မှန်သည်။ သို့သော်ငြား မေးချင်သလိုမေး၍ရသည်ဟု မဆိုလို။ သင့်လျော်သော အကြောင်းယုတ္တိရှိရမည်။ သက်သေ၏ အကျင့်စာရိတ္တကို မထိပါးရ။ စွပ်စွဲချက်ပါသောမေးခွန်းမျိုး၊ သက်သေကို ထိခိုက်နစ်နာစေသော မေးခွန်းမျိုးမမေးရ။ သက်သေခံအက်ဥပဒေပုဒ်မ ၁၄၈ (၃)နှင့် ၁၄၉ တို့တွင် ပိတ်ပင်ချက်ရှိသည်။ လူငယ်ရှေ့နေများ အထူးသတိချပ်သင့်သည်။ မမှားသင့်တာ မမှားရအောင်စေတနာဖြင့် အကြံပြုပါရစေ။

မေးခွန်းများ

မေးခွန်းများ မျိုးစုံရှိသည်။ ခွဲခြားကြည့်လျှင် ဤသို့တွေ့ရမည်။

- ၁။ တိုက်ရိုက်မေးခွန်း
- ၂။ နိမိတ်ပြမေးခွန်း
- ၃။ သွယ်ဝိုက်မေးခွန်း
- ၄။ မျှားယူသောမေးခွန်း
- ၅။ ထင်ယောင်ထင်မှားဖြစ်စေသောမေးခွန်း
- ၆။ ယုံထိုက်မယုံထိုက်မေးခွန်း
- ၇။ အာရုံပြောင်းစေသောမေးခွန်း
- ၈။ အကြောင်းအရာ ပြောင်းစေသောမေးခွန်း
- ၉။ ဖြည့်စွက်မေးခွန်း
- ၁၀။ တွန့်ဆုတ်စေသော မေးခွန်း
- ၁၁။ တိုးတက်စေသောမေးခွန်း
- ၁၂။ အားတက်စေသောမေးခွန်း
- ၁၃။ အားနည်းချက်ကို ရှာဖွေသောမေးခွန်း
- ၁၄။ သတိပေးနှိုးဆော်သောမေးခွန်း
- ၁၅။ မေးခွန်းဖြင့်မေးသောမေးခွန်း
- ၁၆။ ခြောက်လှန့်သောမေးခွန်း
- ၁၇။ ပြစ်မှုမြောက်စေသောမေးခွန်း

တရားလို၊ တရားခံ

အမှုတစ်မှုဖြစ်လျှင် တရားလို၊ တရားခံဆိုတာရှိစမြဲ။ တရားလိုရှိမှ တရားခံရှိမည်။ တရားခံရှိမှ တရားလိုရှိမည်။ တရားလိုက တရားခံကိုဘာစွပ်စွဲတာလဲ။ ဘာဖြစ်တာလဲ။ ဘာလုပ်တာလဲ။ ပြုသူ၊ အပြုခံရသူ၊ ပြုသည့်ကိစ္စပေါ်လွင်ရမည်။ သို့မှလည်း အမှု(ပြစ်မှု)ဖြစ်မည်။ ပြစ်မှုပေါ်လွင်အောင်မေးတတ်ဖို့ အရေးကြီးသည်။ ရှေ့နေဖြစ်တိုင်း မေးခွန်းမမေးတတ်။ မေးခွန်းမေးတတ်မှ ရှေ့နေဝီသမည်။ အပေါ်ယံ(သဘောလောက်) မေးတတ်တာနှင့် ရှေ့နေမဖြစ်သေး။ အတွေ့အကြုံများရှိဖို့လိုသေးသည်။ သေးငယ်သောဗဟုသုတဖြင့် "ဆရာကြီးဝိုက်"မဖမ်းသင့်။ ကျမ်းမျိုးစုံမှ ဉာဏ်ဟုန်ပြင်းသည်။ နည်းမျိုးစုံမှ ရန်ပုံခွင်းမည်။

ရိုက်မှုမေးခွန်း

လူတစ်ယောက်က လူတစ်ယောက်ကို ရိုက်သည်ဆိုပါစို့။ ဤသို့မေးရမေမည်။

(၁) ဘယ်သူက ဘယ်သူ့ကို ရိုက်တာလဲ။
(၂) ဘာနဲ့ ရိုက်သလဲ။
(၃) ဘယ်လို ရိုက်သလဲ။
(၄) ဘယ်လိုပြောပြီးရိုက်တာလဲ။
(၅) ဘယ်နယောက်ရိုက်သလဲ။
(၆) ဘယ်သူအရင်ရိုက်သလဲ။
(၇) ဘယ်နေရာကို ရိုက်တာလဲ။
(၈) ဘယ်နှချက်ရိုက်သလဲ။
(၉) ဘယ်ကို ထိသလဲ။
(၁၀) ဘယ်နှချက် ထိသလဲ။
(၁၁) ဘာဖြစ်သွားသလဲ။
(၁၂) ဘာဆက်လုပ်ကြသလဲ။
(၁၃) ဘယ်နေရာမှာလဲ။
(၁၄) ဘယ်အချိန်လဲ။
(၁၅) ဘယ်သူတွေမြင်တွေ့သလဲ။
(၁၆) သက်သေခံပစ္စည်းတွေတင်ပြပါ စသည်ဖြင့်

မေးသင့်သည်။ သရုပ်ပေါ်အောင်၊ ပြည့်စုံအောင်၊ စွပ်စွဲမှုနှင့်ကိုက်ညီအောင် သတိပြုသင့်သည်။

ဥပဒေပေတံ

မည်သည့်အမှုမဆို အမှန်အမှားကို ဥပဒေပေတံဖြင့်သာ တိုင်းတာသည်။ ဥပဒေပြဋ္ဌာန်းချက်ကို အခြေခံသည်။ ဥပဒေပုဒ်မ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပုဒ်မ၏အဂ်ါရပ်များကို သဘောပေါက်မှ အဖြေမှန်ရသည်။ ဥပဒေပုဒ်မ၏ အဂ်ါရပ်များ ပေါ်လွင်အောင်(ဘောင်ဝင်အောင်)မေးမြန်းတတ်ဖို့ အဓိကကျသည်။ အမေးတခြား၊ အဖြေတခြားမဖြစ်ဖို့ အရေးကြီးသည်။ ရှေ့နေပါးဝဖို့လိုသည်။

ရှည်လျားထွေပြား

မေးခွန်းသည် လိုတိုရှင်းဖြစ်သင့်သည်။ အမေးခံရသူ(သက်သေ)နားလည်ဖို့လိုသည်။ ရှည်လျားထွေပြားသည့် မေးခွန်းမမေးသင့်။ မမေးအပ်။ အချို့က ရှည်ရှည်မေးလျှင်ကောင်းသည်ထင်သည်။ သက်သေကို ထွေပြားအောင် (နားရှုပ်အောင်)လုပ်သည့်သဘော။ သက်သေကို ဝေ့လည်ကြောင်ပတ်ဖြစ်အောင်ကြိုးစားရင်း ရှေ့နေကို ပြန်ပတ်တတ်သည်။ ကိုယ့်ဇာတ်ကိုယ်မနိုင်၊ မှိုင်တိုင်တိုင်နှင့် နိဂုံးချုပ်ရတတ်သည်။ စာရေးသူ၏ ဥပဒေလုပ်သက်နှစ် ၄၀ ကျော်အတွင်း ရှည်လျားထွေပြားသောရှေ့နေများ၏ ရှေ့နေကြီးကတော့ အလိုက်မသိ။ ကျမ်းကျေသည့် ရှေ့နေကြီးတော့ ဟုတ်ဟန်မတူ။ တရားသူကြီးက မချင့်မရဲနှင့် (အားနာစွာဖြင့်)တားမြစ်သည့်အခါကျမှ ထိုရှေ့နေ ထိုင်ချသွားသည်။ အမေးခံရသော သက်သေခများလည်း ချွေးတလုံးလုံး။ တရားရုံးကို မုန်းသွားပြီ။ "နောင် သက်သေခေါ်ရင် မလာတော့ဘူး"။ ရှေ့နေနှိပ်စက်တာနှင့် တစ်သက်လုံးမှတ်သွားရှာသည်။ မဖြစ်သင့်တာဖြစ်ကုန်ပြီ။ ဘာလုပ်ကြမလဲ။

ပြန်လှန်စစ်မေးခြင်းပညာပါ

"ဒါက ပြန်လှန်စစ်မေးခြင်းပညာပါ။ ပညာပေးလိုက်တာပါ။ သက်သေချွေးပြန်သွားအောင် ကျွန်တော်မေးလိုက်တာ၊ ဘယ့်နှယ့်ရှိစ"ဟု ခပ်ကြွားကြွားပြောသော ရှေ့နေပေါက်စများကို စာရေးသူတွေ့ဖူးပါသည်။ ကျွန်တော် ပြုံးပြလိုက်ရုံမှတစ်ပါး ဘာမှမပြောသာပါ။ အချိန်တန်တော့ သူ့သဘောသူဆောင်သွားပေလိမ့်မည်။

ရှောင်ကြဉ်ရပုံတရားစီရင်ထုံး

သက်သေအား ထိခိုက်နစ်နာစေသည့် မေးခွန်းမျိုးကိုရှောင်ကြဉ်ရပါသည်။ ထင်ရှားသောစီရင်ထုံးတစ်ရပ်ပေါ်ထွန်းခဲ့သည်။ အလားတူ စီရင်ထုံးတွေလည်းရှိသေးသည်။ သို့သော်ငြား ဤစီရင်ထုံးမှာ မှတ်မှတ်သားသားရှိသည်။ ၁၉၉၂ ခုနှစ် တရားမ အထွေထွေလျှောက်လွှာအမှတ်(၃)ဖြစ်သည်။ တရားရုံးချုပ်၏ စီရင်ချက်များ(တရားစီရင်ထုံးများ-၁၉၉၂) စာမျက်နှာ -၈၂ (တရားမမှုများ)မှ ကောက်နုတ်တင်ပြခြင်းဖြစ်ပါသည်။

"သက်သေ၏အကြောင်းကို အခြေအမြစ်မသိ။ အကြောင်းယုတ္တိလည်းမရှိဘဲ တရားရုံးရှိအများရှေ့တရားခွင်တွင် ယခုကဲ့သို့ မေးမြန်းခဲ့ခြင်းမှာ သက်သေခံအက်ဥပဒေပုဒ်မ ၁၄၈(၃)နှင့် ၁၄၉ တို့အရ ပိတ်ပင်ရာတွင် အကျုံးဝင်သည့် မဖွယ်မရာ မသင့်လျော်သော မေးခွန်းကို မေးမြန်းရာရောက်သည်။ ယင်းကဲ့သို့သော မေးခွန်းမျိုး မေးမြန်းသူ ရှေ့နေတစ်ဦးအပေါ် သက်ဆိုင်ရာတရားရုံးကပင်လျှင် ရှေ့နေအလုပ် ဝတ္တရားများနှင့် စပ်လျဉ်း၍ အရေးယူပေးရန် တရားရုံးချုပ်သို့ တိုင်တန်းနိုင်ကြောင်း သက်သေခံအက်ဥပဒေပုဒ်မ ၁၅၀ တွင် ပြဋ္ဌာန်းထားသည်။ သက်သေအား မဖွယ်မရာ အသရေ ထိခိုက်နစ်နာစေသော မေးခွန်းမျိုး မေးမြန်းခြင်းမပြုရ။ သက်သေအား စိတ်ငြိုငြင်စေရန် သို့မဟုတ် စော်ကားရန်ရည်ရွယ်သည်ဟု ထင်မြင်ရသည့် အကြောင်းမဲ့မေးခွန်းကို မေးမြန်းခြင်းမပြုရ။ ယင်းသို့ မေးမြန်းခြင်းကို တရားရုံးက တားမြစ်နိုင်ကြောင်းလည်း ပုဒ်မ ၁၅၁နှင့် ၁၅၂ တို့တွင် ပြဋ္ဌာန်းထားသည်။

ဗဟိုတရားရုံးရှေ့နေတစ်ဦးကိစ္စ

အလားတူစီရင်ထုံးတစ်ရပ်ရှိသေးသည်။ ၁၉၈၅ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံးများ စာမျက်နှာ ၁၆ တွင် "ယင်းမေးခွန်းများအမေးခံရသော မိန်းမသားတစ်ဦးအား လူပုံအလယ်တွင် အရှက်တကွဲ အကျိုးနည်းဖြစ်စေသည်ကို သိကောင်းသည်။ မမေးသင့်မမေးထိုက်သော၊ သက်သေခံဥပဒေက ပိတ်ပင်ထားသော၊ ထို့ပြင် တစ်ပါးသူအား အရှက်ရစေသော မေးခွန်းများကို မေးမြန်းခြင်းဖြင့် အဆိုပါရှေ့နေသည် မကောင်းကျင့်မကောင်းကြံဖြင့် ပြုမူဆောင်ရွက်ရာရောက်သောကြောင့် ဗဟိုတရားရုံးရှေ့နေများကောင်စီ ဥပဒေပုဒ်မ (၁၀/၁)ကို ပြဋ္ဌာန်းထားသည့် (Misconduct)ကို ကျူးလွန်ရာရောက်သည်ဟု ယူဆရပေသည်"ဟူ၍ ဖော်ပြဆုံးဖြတ်ခဲ့ဖူးသည်။

ရှေ့နေဌားမှ ထောင်လုံးလုံးကျသည်

"ဒီအတိုင်းနေရင် အကောင်းသား၊ ရှေ့နေဌားမှ ထောင်လုံးလုံးကျသည်"ဟူသော ပြစ်တင်စကားကို စာရေးသူ ဥပဒေကျောင်းသားဘဝက ကြားဖူးသည်။ စိတ်မကောင်းဖြစ်မိသည်။ ရှေ့နေလောကထဲ ကိုယ်တိုင်ရောက်၍ ကိုယ်တိုင်ကြားရ မြင်ရသည့်အခါ ပြစ်တင်စကားမှားသည်ဟု မဆိုနိုင်။ ခပ်ကြွားကြွားရှေ့နေအချို့ကြောင့် (ငါးခုံးမတစ်ကောင်ကြောင့် တစ်လေလုံးပုပ်ရသည့်အဖြစ်)ကို နားလည်လာရသည်။ ဆင်ခြင်စရာ၊ ရှောင်ကြဉ်စရာ၊ သင်ခန်းစာယူစရာတွေ တစ်ပုံတစ်ပင်ပါပဲ။ ရှေ့နေအိုကြီး၊ သက်ကြီးဝါကြီးများက သွန်သင်ပေးနေ၍ တော်သေးသည်။ ရှေ့နေပေါက်စတွေလည်းကျန်သေးသည်။ သူတို့လူငယ်ရှေ့နေတွေကို အားကိုးချင်သည်။ တရားဥပဒေစိုးမိုးရေးတာဝန်တွေ ထမ်းဖို့၊ ပိုးဖို့၊ ရှေ့ဆောင်ဖို့ ဥပဒေပညာရှင်တွေ အများကြီးလိုသေးသည်. . . . . ။ သတိ။

တင်ပြချက်

(၁) ရှေ့နေက ရှေ့နေအလုပ်လုပ်ပါ။
(၂) သက်သေက သက်သေအလုပ်လုပ်ပါ။
(၃) တရားဥပဒေက သင့်ကို ကူညီမှာပါ။

စာဆိုကျေးဇူး

✍ မြကန်သာသည်၊ စာဦးမည်၏
မင်းပြည်ခေတ်ဆက်၊ ကျောက်ပေထက်၌
ပေါ်ထွက်စာစုံ၊ ပန်းရဂုံသို့
ဖူးဝုံပွင့်လန်း၊ ဆင့်ဆင့်ကမ်း၍
သက်တမ်းရင့်ရှည်၊ စာအမွေတည့်
နေရာတိုင်းရှိ၊ ကင်းနိုင်ဘိသော
ပြည်၏တန်ဆာ၊ ရတနာရှင့်
စာမွန်စာခန့်၊ စာသန့်စာစုံ
အစုစုလျှင်၊ ဂန္ဓဝင်သည်
ရင်ဝယ်စွဲနစ်ခဲ့တကား။

✍ အကြောင်းရာစုံ၊ အရှယ်စုံတွက်
ပုံသဏ္ဌာန်စုံ၊ နေရာကုန်ရောက်
ထိုးဖောက်ပျံနှံ့၊ ရသပြန့်ဝေ
ဒိုင်ခံ့ပေစွ၊ ခံစားရ၏
ရာဇမမ္မ၊သဘာဝနှင့်
လောကခြင်းရာ၊ ဖွဲ့ဆိုပါသော
စာဆိုကျေးဇူး၊ ဂုဏ်အထူးလည်း
တင်ဖူးခဲ့ပြီ၊ လက်စုံချီလျက်
ဂေါ်ရည်ဦးဝိုက်မိတကား။

✍ လက်လှမ်းတစ်မီ၊ စာဆိုသည်လည်း
ရှေးမိုလမ်းသစ်၊ ထွင်ခဲ့ရစ်၏
ဒေတာ်စမ်းစာဖြင့်၊ မြန်ဂုဏ်မြှင့်၍
ရှန်းတင့်ဝေစီ၊ ပုလဲသီသို့
ဆီမီးထိန်လင်း၊ အမှောင်ခွင်းသို့
ပန်းခင်းသင်းကြိုင်၊ ခြံရုံးလိုင်သို့
နိုင်ငံအနှံ့၊ ကမ္ဘာဆန့်၍
မတန့်စေရာ၊ တစ်သက်တာလျှင်
စာသည်ဘဝ၊ ဘဝသည်စာ
မြှုပ်နှံပါသူ၊ ဇရာရင့်အို
ထိုစာဆိုတို့၊ ကြည်ညိုကန်တော့
လိုက်သည်တကား။ ။

စာဆိုတော်နေ့အား ဂုဏ်ပြုလျက် -
ကို(တက္ကသိုလ်)

ရွှေသိမ်တော်ဘုရားပွဲတော်တွင် အကြောအဆစ်ကုပညာရှင်များ အခမဲ့ကုသပေး

ကန့်ဘလူ ဒီဇင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ ရွှေသိမ်တော်ကျောင်းတိုက် ရွှေသိမ်တော် ဘုရားပွဲတော်တွင် စင်ကာပူနိုင်ငံရောက် အကြောအဆစ်ကုပညာရှင် ဦးတင်မောင်အေး(အမျိုးသားစာပေဆုရှင် တင်မောင်အေး-ကန့်ဘလူ)ဦးဆောင်ပြီး မြန်မာနိုင်ငံ အကြောအဆစ်ကုပညာရှင်အသင်း(မန္တလေး-အသင်းခွဲ)၏ ပံ့ပိုးကူညီမှုဖြင့် ရွှေသိမ်တော်ကျောင်းတိုက်၌ ဒီဇင်ဘာ ၇ ရက်မှ ၉ ရက်ထိ အကြောအဆစ်ရောဂါဝေဒနာရှင်များအား စတုတ္ထအကြိမ်မြောက် အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

အခမဲ့ကုသပွဲသို့ လာရောက်ပြသကြသည့် ဝေဒနာရှင်များသည် လေဖြတ်ရောဂါ၊ သူငယ်နာ၊ အကြောတင်ရောဂါ၊ လည်ပင်းနာ၊ ပခုံးကပ်၊ ခါးနာ၊ ဒူးနာ၊ ခြေဖနောင့်နာ၊ မသန်စွမ်းမှုများ စသည့် အကြောအဆစ်ရောဂါရှင်များ ဖြစ်ပြီး ကန့်ဘလူမြို့နှင့် အနီးဝန်းကျင်ကျေးရွာများနှင့် ခင်ဦး၊ ရေဦး၊ ဝက်လက်၊ ကျွန်းလှမြို့နယ်များမှ ရဟန်းရှင်လူဝေဒနာရှင် ၁၇၅ ဦးတို့ကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

အောင်ဝင်းဇြိမ်း(ကန့်ဘလူ)

လွှတ်တော်ရေးရာ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဧရာဝတီရိုးမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအားတွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဧရာဝတီရိုးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ညနေ ၅ နာရီတွင် ဧရာဝတီရိုးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြည်သူများ၏ တင်ပြချက်များအပေါ် အရေးယူဆောင်ရွက်ပြီးစီးမှု၊ ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုပေးထားသည့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ နှင့်ပတ်သက်၍ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ၂၀၁၅-၂၀၁۶ ဘဏ္ဍာနှစ်တွင် ဧရာဝတီရိုးမြို့နယ်အတွက် လုပ်ငန်းများရရှိမှုအခြေအနေတို့ကို ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုဝုံးချုပ်အမှာစကားပြောကြားပြီးတက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး

ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပါအဝင် ဥပဒေကြမ်းနှစ်ခုနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာဖတ်ကြားခြင်း ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၁

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ကျင်းပရာ **ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း** အပါအဝင် ဥပဒေကြမ်း ၂ ခုနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားခြင်းဆောင်ရွက်ကြသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အစည်းအဝေး၌ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲသော **အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်မှာ ဥပဒေကြမ်း၏ အပိုဒ် ၅ ကို ပြည်သူ့လွှတ်တော်က **အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၃၅ ကို ပယ်ဖျက်ရမည်**ဟု အတည်ပြုထားပါကြောင်း။

အမျိုးသားလွှတ်တော်က အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေပုဒ်မ ၃၅ ကို **အာမခံလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် အာမခံအလုပ်လက်ခံကိုယ်စားလှယ်သည် ထည့်ဝင်ပြီး မတည်ရင်းနှီးငွေ၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသောတင်သွင်းငွေကို မြန်မာ့စီးပွားရေးဘဏ်တွင် အတိုးနှုန်းခံစားခွင့်ရှိသည့် စာရင်းဖွင့်လှစ်ထားရှိရမည်**ဟု အစားထိုး အတည်ပြုထားသည်ကို တွေ့ရှိရပါကြောင်း။

ဥပဒေကြမ်း ပူးပေါင်းကော်မတီ အနေဖြင့် ပုဂ္ဂလိကအာမခံကုမ္ပဏီများသည် ငွေစုဘဏ်လုပ်ငန်းဥပဒေပုဒ်မ ၇ ပါ ငွေစုဘဏ်စာရင်းဖွင့်လှစ်ခြင်း၊ ငွေစုလက်မှတ် ဝယ်ယူစုဆောင်းနိုင်သည့်အဖွဲ့အစည်းများတွင် ပါဝင်ခြင်း မရှိ၍ ဥပဒေကြမ်း၏ အပိုဒ် ၅ ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ပြဋ္ဌာန်းသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်းတင်ပြရာ လွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲသော **ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီတွဲဖက် အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဥာဏစိုးက လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက်မှာ ဥပဒေကြမ်း၏ အပိုဒ် ၉ ကို ပြည်သူ့လွှတ်တော်က ငွေစုဘဏ် လုပ်ငန်းဥပဒေပုဒ်မ ၁၈ ပုဒ်မခွဲ(၇)၏နောက်တွင် **ပုဒ်မခွဲ (၇-၁) သေဆုံးသွားသည့် ငွေစုသူတွင် ဇနီး၊ ခင်ပွန်း၊ သားသမီး၊ တရားဝင်မွေးစားထားသောသားသမီး၊ မြေး၊ မိဘ၊ ညီအစ်ကို၊ မောင်နှမ မရှိလျှင် အခြားသူများမှ တောင်းခံပါက အမွေထိန်းစာ သို့မဟုတ် အမွေဆက်ခံခွင့်လက်မှတ် တင်ပြနိုင်သူကိုသာ ငွေထုတ်ပေးရမည်နှင့် ပုဒ်မခွဲ(၇-၂) သေဆုံးသွားသည့် ငွေစုသူ ရဟန်းသို့မဟုတ် သီလရှင်၏ စုငွေလက်ကျန်သည် ကျောင်းတိုက်နှင့် သက်ဆိုင်သည့် ငွေကြေးဖြစ်ပါက သက်ဆိုင်ရာ သံဃနာယကအဖွဲ့၏ ထောက်ခံချက်ဖြင့် စုငွေလက်ကျန် ထုတ်ယူရန် လျှောက်ထားသည့် ရဟန်း သို့မဟုတ် သီလရှင်အား စိစစ်ထုတ်ပေးရမည်။ သေဆုံးသွားသည့် ငွေစုသူ ရဟန်း သို့မဟုတ် သီလရှင်၏ စုငွေလက်ကျန်သည် ပုဂ္ဂလိကပိုင်ငွေဖြစ်ကြောင်း သက်ဆိုင်ရာ သံဃနာယကအဖွဲ့မှ ထောက်ခံပါက လူပုဂ္ဂိုလ်များ သေဆုံးသည့်အခါ စုငွေလက်ကျန်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ စိစစ်ထုတ်ပေးရမည်**ဟု အတည်ပြု ဖြည့်စွက်ထားပါကြောင်း။

အမျိုးသားလွှတ်တော်က ငွေစုဘဏ်လုပ်ငန်းဥပဒေပုဒ်မ ၁၈ ပုဒ်မခွဲ(၇)၏နောက်တွင် ပုဒ်မခွဲ(၇-၁) သေဆုံးသွားသည့် ငွေစုသူတွင် ဇနီး၊ ခင်ပွန်း၊ သားသမီး၊ တရားဝင်မွေးစားထားသော သားသမီး၊ မြေး၊ မိဘ၊ ညီအစ်ကို၊ မောင်နှမ မရှိလျှင် အခြားသူများက တောင်းခံပါက အမွေထိန်းစာလက်မှတ် သို့မဟုတ် အမွေဆက်ခံခွင့်လက်မှတ် တင်ပြနိုင်သူကိုသာ ငွေထုတ်ပေးရမည်ဟု အတည်ပြုထားပါကြောင်း။

ထို့ကြောင့် ဥပဒေကြမ်းပူးပေါင်းကော်မတီအနေဖြင့် မူလဥပဒေပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်များအတိုင်း ဖြေရှင်းဆောင်ရွက်နိုင်ပါသဖြင့် ဥပဒေကြမ်း၏ အပိုဒ် ၉ ကို ဖြည့်စွက်ရန် မလိုအပ်သည်ကို လေ့လာတွေ့ရှိရပါကြောင်းတင်ပြရာ လွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ကျင်းပရန်လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသ ဇုန်ဝင်ကြေးကို မြန်မာကျပ်ငွေဖြင့် ပြောင်းလဲကောက်ခံမည်

နေပြည်တော် ဒီဇင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ လာရောက်လည်ပတ် လေ့လာကြည့်ရှုကြသည့် နိုင်ငံခြားသားများကို ဇုန်ဝင်ကြေးအဖြစ် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၂၀ နှုန်းဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ကောက်ခံ၍ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကောက်ခံလျက်ရှိသည့် နိုင်ငံခြားသား တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၂၀ ဒေါ်လာအစား မြန်မာကျပ်ငွေ ၂၅၀၀၀ နှုန်းဖြင့် ၂၀၁۶ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ပြောင်းလဲပြီး ကောက်ခံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒေသဆိုင်ရာ သတင်းထောက်အဖြစ်လုပ်ကိုင်ရန်အတွက် ဆက်သွယ်နိုင်

၂၀၁۶ ခုနှစ် ဇန်နဝါရီလမှ စတင်၍ ကြေးမုံသတင်းစာတွင် ဒေသဆိုင်ရာသတင်းထောက်အဖြစ် လုပ်ကိုင်နိုင်ရန်အတွက် လက်ရှိလုပ်ကိုင်နေသော မြို့နယ်သတင်းထောက်များအပြင် သတင်းထောက်အသစ်များပါ ပြန်လည် ဖွဲ့စည်းသွားမည်ဖြစ်ရာ အောက်ပါလိပ်စာသို့ ဆက်သွယ်နိုင်ပါသည်။

(၁) ကြေးမုံသတင်းစာတိုက်(ရန်ကုန်) အမှတ်(၇၇)၊ မဟာဗန္ဓုလလမ်းနှင့် (၅၂)လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၂၈၃၂ themirror.npt@gamil.com

(၂) ကြေးမုံသတင်းစာတိုက်(နေပြည်တော်) ခရေပင်လမ်းခွဲ၊ ဧရာဝတီရိုးမြို့နယ်၊ နေပြည်တော်၊ ဖုန်း ၀۶၇- ၃۶၁၂၈၊ themirror.npt@gamil.com

မြန်မာ့ပင်လယ်ပြင် အခြေအနေ

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

ရွှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနေမည်။

❒ စာမျက်နှာ ၅ မှ

အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှုများကို လည်းကောင်း ဆွေးနွေးကြသည်။

ဆက်လက်၍ ပုဂ္ဂလိကအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ပုဂ္ဂလိကကဏ္ဍ ပြန်လည်ထူထောင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်သွယ်ရေးနှင့် အသေးစား၊ အလတ်စား စီးပွားရေးများ ပြန်လည်ထူထောင်ရေးကဏ္ဍများနှင့်စပ်လျဉ်း၍ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

အဆိုပါဖိုရမ်ကို နံနက် ၉ နာရီတွင် ဖွင့်လှစ်ခဲ့ပြီး နိုင်ငံတော်သမ္မတ အကြံပေး ဒေါက်တာဦးမြင့်က ရာသီဥတုပြောင်းလဲမှုနှင့်စီးပွားရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာရင်ရင်နွယ်က အများပါဝင်သည့် ပြန်လည်ထူထောင်ရေးဖြစ်စဉ်- ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးရေးသို့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ် မစ္စ ရိန်ဘာတာလော့ ဒေစလန်က ပြန်လည်ထူထောင်ရေးဆိုင်ရာ နိုင်ငံတကာအမြင် ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မြန်မာနိုင်ငံရေးသင့်ဒေသများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့အစိုးရမှ လျှုဒါန်းခဲ့သည့် အိမ်ခေါင်မိုးသွပ်ပြားအချပ်ရေ နှစ်သိန်းနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို နံနက် ၁၁ နာရီခွဲတွင် Hilton ဟိုတယ်၌ ကျင်းပပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်က ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂ၊ အီးယူ၊ ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသရေစည်သူမင်း အောင် လှိုင် တပ်မတော် နည်းပညာတက္ကသိုလ် ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်း နှစ်ဦးနှင့် ၎င်းတို့၏ မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။
(မြဝတီ)

✱ မြန်မာ့တပ်မတော်မှ

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ညွှန်ကြားရေးမှူး(ကြည်း၊ ရေလေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ပြင်ဦးလွင်တပ်နယ်မှ အရာရှိကြီးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် သင်တန်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဦးစွာအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗိုလ်လောင်းတပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၈)မှ အောင်စစ်သည်ဆုနှင့် လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်- ၇၀၃၃ ဗိုလ်လောင်းအောင်ဆက်မြင့်၊ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်-၇၀၂၁ ဗိုလ်လောင်း အေးချမ်းအောင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ပေါက်ဖွားလာခဲ့သော မျိုးချစ်တပ်မတော်ဖြစ်သည့်အတွက် မျိုးချစ်စိတ်ဓာတ်ရှင်သန်ရုံသာမက နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် သစ္စာရှိသည့် တပ်မတော်လည်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် လွတ်လပ်ရေးရပြီးသည့်အချိန်တွင် ကြုံတွေ့ခဲ့ရသော ပြည်ပကျူးကျော်မှုနှင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းခဲ့ရပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားနိုင်ငံရေးတာဝန်ကိုပါ ထမ်းဆောင်ခဲ့ကြရကြောင်း၊ ၁၉၅၈ ခုနှစ်၊ ၁၉၆၂ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်များတွင် ဖြစ်ပေါ်ခဲ့သော နိုင်ငံတော်၏အရေးကြီးအချိန်ကာလများတွင် နိုင်ငံတော်တာဝန်ကို လွှဲပြောင်းထမ်းဆောင်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူဆောင်ရွက်ခဲ့ရကြောင်း၊ ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျသည့် အနေအထား၊ အိမ်နီးချင်းနိုင်ငံများ၊ လူမျိုးရေးနှင့် နောက်ခံသမိုင်းကြောင်းတို့အရ အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် တပ်မတော်သည် ခေတ်မီတပ်မတော်(Standard Army) ဖြစ်ရန်လိုကြောင်း၊ ခေတ်မီတပ်မတော် တည်ဆောက်နိုင်မှသာ အနာဂတ်တွင် ဖြစ်ပေါ်လာမည့် စစ်အတတ်ပညာနှင့် စစ်နည်းပညာ တိုးတက်မှုများကို ရင်ဆိုင်နိုင်ပြီး တိုင်းပြည်ကို ဘက်ပေါင်းစုံမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာတွင် နည်းပညာအခြေပြုပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သဘောတရားရေး၊ ဝါဒဖြန့်ချိရေး၊ စစ်ရေး၊ သံတမန်ရေးစသည့် နည်းလမ်းများနှင့် ဘက်စုံစစ်ပွဲအသွင် ဆင်နွဲလျက်ရှိကြောင်း၊ IT နည်းပညာကို အသုံးပြုပြီး သတင်းထောက်လှမ်းရယူကာ တစ်ဖက်အားနည်းချက်များကို ဝင်ရောက်စွက်ဖက်လျက်ရှိသည်များကိုလည်း တွေ့မြင်ရမည်ဖြစ်ကြောင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ Cyber Warfare အတွက် ကမ္ဘာ့နိုင်ငံအသီးသီးက ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြကြောင်း၊ သိပ္ပံနှင့် နည်းပညာတွင် "ဖော်ထုတ်သုံးစွဲ" သည့်အဆင့်မှ "တီထွင်အသုံးပြု"သည့် အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည့်အတွက် ပြောင်းလဲတိုးတက်နေသော စစ်ဘက်သိပ္ပံပညာရပ်များကို ကျွမ်းကျင်စွာ တီထွင်ထုတ်လုပ်အသုံးပြုနိုင်ရန် အမြဲမပြတ်ဆည်းပူးလေ့လာပြီး မိမိတို့၏ အခြေအနေနှင့် ကိုက်ညီအောင် အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ မြန်မာ့တပ်မတော် စွမ်းရည်ထက်မြက်ရန်၊ ခေတ်မီရန်မှာ မျိုးဆက်သစ် အတတ်ပညာရှင်၊ အသိပညာရှင်များ၏စွမ်းရည်နှင့် ကြိုးစားအားထုတ်မှုအပေါ်တွင် တည်မှီနေကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် လျှောက်လှမ်းနေချိန်တွင် တပ်မတော်အနေဖြင့် လည်း ဒီမိုကရေစီအခြေတည်ခိုင်မာရှင်သန်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံတိုးတက်စေရန်အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ သိပ္ပံနှင့်နည်းပညာရပ်များ တစ်ဟုန်ထိုး တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဘက်ပေါင်းစုံမှ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်နေကြရကြောင်း၊ မိမိတို့တပ်မတော်သည်လည်း ယင်းစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်ရန် လိုအပ်ကြောင်း၊ လူအင်အားတစ်မျိုးတည်းမဟုတ်ဘဲ စစ်လက်နက်အင်အား၊ စစ်လက်နက်ဆက်စပ်စွဲညီးဆိုင်ရာ စွမ်းပကားနှင့် စစ်မှုရေးရာ နည်းပညာစွမ်းပကားစသည်များတောင့်တင်းပြီး ထက်မြက်နေရန် လိုအပ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ကြသည့်အချိန်တွင် အမိန့်နာခံတတ်မှု၊ စည်းကမ်းပြည့်ဝမှုနှင့်စည်းလုံးညီညွတ်မှုသည်အရေးကြီးဆုံးဖြစ်ကြောင်း။

ဒေသတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ တပ်မတော်သားများက ကိုယ်ရောစိတ်ပါ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်ကြုံလာချိန်တွင်လည်း အမြန်ဆုံးသွားရောက်ပြီး အရေးပေါ် ကူညီကယ်ဆယ်ရေးကိစ္စရပ်များ၊ ရွှေ့ပြောင်းရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကိစ္စရပ်များကို ဒေသခံပြည်သူများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံပြည်သူများသည် တပ်မတော်၏ မွန်မြတ်မှန်ကန်သော စေတနာ၊မေတ္တာနှင့်လုပ်ဆောင်ချက်များကို လက်ခံနားလည်ပြီး လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိကြကြောင်း၊ ရောက်ရာဒေသအသီးသီးတွင် ပြည်သူများ၏လိုအပ်ချက်၊ လိုလားချက်များကို မိမိတတ်မြောက်ထားသည့် ပညာရပ်ဖြင့် တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ပေးကြရမည် ဖြစ်ကြောင်း။

နိုင်ငံတွင်းမတည်မငြိမ်ဖြစ်အောင်၊ ပြည်ထောင်စုကြီးပြိုကွဲအောင်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲအောင် သွေးထိုးလှုံ့ဆော်ဝါဒဖြန့်မှုများနှင့် ပတ်သက်၍လည်း စစ်ရေးသတိအမြဲရှိနေရန် လိုအပ်ကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးချိန်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့ပါရှိကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူ့လူထုလိုလားသည့် ဒီမိုကရေစီနိုင်ငံ လျှောက်လှမ်းနိုင်ရန် အမြဲလမ်းဖွင့်ထားကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေသော တပ်မတော်သားတိုင်းသည် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ်ပြည့်စုံမှု ဆိုသည့် အခြေခံအရည်အချင်းငါးပါး အစဉ်ပြည့်ဝနေရန်လိုအပ်ကြောင်း၊တပ်မတော်သားတစ်ယောက်သည် စစ်မှုရေးရာ တစ်ခုတည်းကိုသာ တတ်သိကျွမ်းကျင်နေရုံဖြင့် မပြီးပြည့်စုံနိုင်ခြင်းကြောင့် ကမ္ဘာတစ်ဝန်းခြုံငုံပြီး အမြင်လေးမြင်ရှိရန်လည်းလိုအပ်ကြောင်း၊ အမြင်လေးမြင်ရှိမှသာလျှင် ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်နိုင်မည် ဖြစ်သည့်အတွက် ပြောင်းလဲတိုးတက်နေသည့် ခေတ်ကာလအခြေအနေကို သိမြင်နိုင်ပြီး အနာဂတ်အတွက်ကြိုတင်ပြင်ဆင်တည်ဆောက်နေရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် သမိုင်းကြောင်းအရ တိုင်းပြည်၏ အမျိုးသားနိုင်ငံရေး အခန်းကဏ္ဍတွင်လည်း ဆက်လက်ပါဝင်နေရဦးမည်ဖြစ်ကြောင်း။

ခေါင်းဆောင်မှု အတတ်ပညာသည် နိုင်ငံတိုင်း၊ လူမျိုးတိုင်းအတွက် အသက်တမျှ အရေးကြီးသော လိုအပ်ချက်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော် နည်းပညာတက္ကသိုလ် ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်း နှစ်ဦးနှင့် ၎င်းတို့၏ မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်နည်းပညာတက္ကသိုလ်၏ စက်မှုနှင့် သိပ္ပံစွမ်းရည်ပြပွဲ (SCIENCE AND TECHNOLOGY EXHIBITION 2015) သို့ သွားရောက်ကြပြီး ပြခန်းတွင် ဗိုလ်လောင်းသင်တန်း Project ဆောင်ရွက်မှုများ၊ သုတေသန ဆောင်ရွက်မှုများနှင့် ပါရဂူသင်တန်းကျမ်းပြုစာတမ်းဆောင်ရွက်မှုများကို တာဝန်ရှိသူများက ပြကွက်များ၊ ပုံစံငယ်များဖြင့် လက်တွေ့သရုပ်ပြသ၍ ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ရဲတပ်ဖွဲ့ဝင်များ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်း

ရန်ကုန် ဒီဇင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ရှိ ရဲတပ်ဖွဲ့ဝင်များ စွမ်းရည်တိုးတက်မြင့်မားစေရေးသင်ကြားသည့် ကိုယ်လုံပညာ (ဗန်တို/ဗန်ရှည်)သင်တန်းကို ဒီဇင်ဘာ ၁၁ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ(၂)၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ခေတ္တရဲမှူးချုပ် ဝင်းနိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး မြန်မာ့သိုင်းအဖွဲ့ချုပ်မှ သင်တန်းနည်းပြ ဦးလှမြိုင်နှင့်အဖွဲ့အား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။ ထို့နောက် သင်တန်းသား ကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၃၀သင်ကြားခဲ့ကြပြီး သင်တန်းကာလမှာတစ်လဖြစ်ကြောင်းသိရသည်။ ယင်းနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ရုံး အစည်းအဝေးခန်းမ (၂)၌ ကျင်းပသည့် ဖမ်းဆီးနည်း နည်းပြ(ဆင့်ပွား)သင်တန်းဆင်းပွဲ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ခေတ္တရဲမှူးချုပ်ဝင်းနိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲများသို့ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့် ရဲအရာရှိကြီးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းရေးရာ

တပ်မတော်နည်းပညာတက္ကသိုလ် ပိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၁

တပ်မတော်နည်းပညာတက္ကသိုလ်ပိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ်ရှိ ပညာတန်ဆောင် စားရိပ်သာ၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်သည်။

အဆိုပါသင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ညွှန်ကြားကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်းအရာရှိများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သင်တန်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ **(ယာဝို)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။ ညစာသုံးဆောင်နေစဉ် မြဝတီတေးဂီတအဖွဲ့မှ မြန်မာ့စောင်းဖြင့် သီဆိုတီးခတ်ဖျော်ဖြေကြသည်။

သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များ၊ ကျောင်းဆင်းအရာရှိများနှင့် မိဘဆွေမျိုးများ၊ ဗိုလ်လောင်းများသည် မြဝတီတေးဂီတအဖွဲ့နှင့် မြဝတီအငြိမ့်အဖွဲ့တို့၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ပြည်နယ်အခြေစိုက်မီဒီယာတို့ပြောသည့် တိုင်းရင်းသားမီဒီယာအခင်းအကျင်းနှင့် စိန်ခေါ်မှုများအကြောင်း

"New Dynamics in Myanmar Media"ခေါင်းစဉ်ဖြင့် စတုတ္ထအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံ (ဒုတိယနေ့)ကို ဒီဇင်ဘာ ၁၁ ရက်က ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်တွင် ဆက်လက်ပြုလုပ်ခဲ့သည်။

ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲများတွင် သတင်းအချက်အလက်ရယူသိရှိပိုင်ခွင့်မှ ပိုမိုကောင်းမွန်သော လူမှုအသိုက်အဝန်းဆီသို့ ရပ်ရွာအခြေပြု မီဒီယာများမှထွက်ပေါ်လာသည့် ရပ်ရွာလူထု၏အသံအားကောင်းသည့် မီဒီယာအသံများ လုံခြုံမှုရှိစေရန်ကာကွယ်ခြင်း၊ ဖြစ်ထွန်းလာမည့် တိုင်းရင်းသားမီဒီယာအခင်းအကျင်းစိန်ခေါ်မှုများနှင့် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာမှပူးပေါင်းဆောင်ရွက်မှုများ၊ အတွေ့အကြုံနှင့် ရှေ့ဆက်မည့်လုပ်ငန်းစဉ်များ အစရှိသည့်ခေါင်းစဉ်များဖြင့် ကဏ္ဍငါးခုခွဲ၍ ဆွေးနွေးခဲ့သည်။

ယနေ့ဆွေးနွေးခဲ့သည့် ခေါင်းစဉ်များတွင်ပါဝင်သည့် ရပ်ရွာအခြေပြု မီဒီယာများမှထွက်ပေါ်လာသည့် ရပ်ရွာလူထု၏အသံနှင့် တိုင်းရင်းသားမီဒီယာ အခင်းအကျင်းစိန်ခေါ်မှုများအပေါ် တိုင်းရင်းသားမီဒီယာများအနက်မှ မွန်ဘာသာဖြင့်ထုတ်ဝေသည့် **အမတ်ဒိန်ဂျာနယ်**နှင့် ကချင်ပြည်နယ်အခြေစိုက် **မြစ်ကြီးနားသတင်းဂျာနယ်**တို့အား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

ဆိုင်းမိုင် (မြစ်ကြီးနားသတင်းဂျာနယ်၊ အယ်ဒီတာချုပ်)

မေး။ ။ တိုင်းရင်းသားဒေသမှာအခြေစိုက်တဲ့ ဂျာနယ်တစ်စောင်အနေနဲ့ လက်ရှိမှာ ဘယ်လိုအခြေအနေတွေနဲ့ရင်ဆိုင်နေရသလဲ။

ဖြေ။ ။ ကျွန်မတို့ဂျာနယ်က ကချင်ပြည်နယ်မှာ ပထမဦးဆုံးထုတ်ဂျာနယ်ပါ။ ကိုယ်ကလမ်းစဖောက်ခဲ့ရတာဆိုတော့ အခက်အခဲတွေ အများကြီးရှိတယ်။ ကိုယ့်ရဲ့ရှေ့မှာက ဘာဂျာနယ်၊ သတင်းစာမှမရှိခဲ့ဘူး။ ပုံနှိပ်စက်ကအစပေါ့။ ရန်ကုန်၊ မန္တလေးလိုမျိုး သတင်းပိုင်းဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်မှုရှိပြီးသားသူတွေကို အသင့်သုံးလို့မရခဲ့ဘူး။ ဒီတော့သတင်းထောက်တွေကို သင်တန်းတွေပေးရတယ်။ အလုပ်ခန့်လိုက်တာနဲ့ အလုပ်ပါပြန်သင်ပေးရတယ်ဆိုတော့ စထုတ်ခဲ့တဲ့ နှစ်နှစ်အတွင်းမှာ အလုပ်သင်ရင်းနဲ့ထုတ်ဝေခဲ့ရတယ်။

မေး။ ။ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေရေးသားနေတဲ့ မီဒီယာအမြောက်အမြားရှိနေတဲ့အချိန်အခါမှာ ဒေသတစ်ခုကိုအခြေစိုက်ပြီးဂျာနယ်ထုတ်ဝေဖို့ ရွေးချယ်ခဲ့တာက ဘယ်လိုကြောင့်ပါလဲ။

ဖြေ။ ။ ကျွန်မတို့ဂျာနယ်က တိုင်းရင်းသားတစ်ခုကိုကိုယ်စားပြုတဲ့ ဂျာနယ်လို့ ပြောလို့မရဘူး။ ပြည်နယ်တစ်ခုကိုကိုယ်စားပြုတဲ့ ဂျာနယ်လို့တော့ ပြောလို့ရတယ်။ ကျွန်မတို့က ကချင်ဂျာနယ်မဟုတ်ပါဘူး။ အစိုးရကသတ်မှတ်ထားတဲ့ ပြည်နယ်နာမည်ကိုသုံးပြီးတော့ ထုတ်ဝေခွင့်တင်ခဲ့တာပါ။ ဂျာနယ်ကိုလည်း ပြည်နယ်နာမည်ဖြစ်တဲ့ မြစ်ကြီးနားသတင်းဂျာနယ်လို့ ပေးထားတာပါ။ ဘာလို့ တိုင်းရင်းသားဘာသာစကားနဲ့ မထုတ်ရတာလဲဆိုတော့ ကျွန်မတို့ဒေသမှာ တိုင်းရင်းသားပဋိပက္ခတွေ အလွန်များပါတယ်။ ဗမာ၊ ရှမ်းနဲ့ ကချင်လူမျိုးတွေ ရှိတယ်။ ကချင်မှာကိုက မျိုးနွယ်ကွဲတွေ အများကြီးရှိတယ်။ တိုင်းရင်းသားဘာသာတစ်ခုနဲ့သာ ထုတ်ဝေလိုက်မယ်ဆို ကိုယ့်စာဖတ်ပရိသတ်ကို ကန့်သတ်လိုက်သလိုဖြစ်သွားနိုင်တယ်။ ပြည်နယ်ထဲမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ ခံစားချက်တွေ အစိုးရကိုတင်ပြချင်တယ်၊ အစိုးရကို သိစေချင်တယ်ဆိုရင် လူအများဖတ်ရှုနားလည်နိုင်တဲ့ ဘာသာစကားနဲ့ထုတ်မှသာ ဒီပြည်နယ်အပေါ် လူထုအာရုံစိုက်မှုကို ရရှိနိုင်မယ်။

ရန်ကုန်လိုနေရာမှာက ဂျာနယ်တွေ၊ နေစဉ်ထုတ်သတင်းစာတွေ အများကြီးရှိတယ်။ ပြည်နယ်ဂျာနယ်ထုတ်ရတာက ပြည်နယ်အကြောင်းကို ဒေသခံတွေကပဲ ပိုသိနိုင်တယ်။ အရင်ကဆို ကချင်ပြည်နယ်မှာဖြစ်တဲ့ အကြောင်းအရာတွေဟာ ဖော်ပြခြင်းမခံရဘူး။ ကချင်ပြည်နယ်ရဲ့ လူနေမှုဘဝနဲ့ အခက်အခဲတွေကို ဖော်ပြနိုင်ဖို့အတွက် အမျိုးသမီးရေးရာကိစ္စမျိုးတွေလို၊ မှုခင်းကအဆုံး ဘယ်ဂျာနယ်မှာမှ မပါတဲ့သတင်းတွေကို ကျွန်မတို့ဂျာနယ်မှာ ဖော်ပြတယ်။

ဆိုင်းမိုင် (မြစ်ကြီးနား သတင်းဂျာနယ်၊ အယ်ဒီတာချုပ်)

ဦးရာဇာ(တာဝန်ခံအယ်ဒီတာ၊ အမတ်ဒိန်ဂျာနယ်)

မေး။ ။ ဟုတ်ကဲ့။ ဒေသအခြေစိုက်ဂျာနယ်အပေါ်မှာ ဒေသခံတွေရဲ့သဘောထားနဲ့ ဘယ်လိုအခြေအနေမျိုး ကြုံရသလဲဆိုတာ ပြောပြပေးနိုင်မလား။

ဖြေ။ ။ ကချင်ပြည်နယ်ဟာ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့နေရာ။ ပြည်နယ်အကြောင်း ဂျာနယ်ထုတ်နိုင်တဲ့အတွက် ဒေသခံတိုင်းရင်းသားတွေကို အမြင်ပွင့်စေတယ်။ Broadcasting Law ထွက်လာတဲ့အခါကျရင် ဒေသခံရေဒီယိုပါ ထုတ်နိုင်ဖို့ကြိုးစားမယ်။ လုံးဝကို လမ်းပန်းဆက်သွယ်ရေးမကောင်းတဲ့နေရာတွေအတွက် ရေဒီယိုကပိုပြီးအဆင်ပြေတယ်။

မြစ်ကြီးနားဆိုရင် ရန်ကုန်၊ မန္တလေးကနေပြီးတော့ အခြားဂျာနယ်တွေ အများကြီးရောက်တယ်။ ဒါပေမယ့် ကချင်ပြည်နယ်မှာ အခုဆိုရင် ကျွန်မတို့ဂျာနယ်ကို တစ်အိမ်တစ်စောင်ဝယ်ကို ဝယ်ရမယ်ဆိုတဲ့အတွေးမျိုး ဒေသခံတွေမှာဖြစ်လာတယ်။ အရင်က နှစ်ပတ်တစ်ကြိမ်ထုတ်ဝေတယ်။ အခုဂျာနယ်ကို ၁၀ ရက်တစ်ကြိမ် ထုတ်ဝေတယ်။ ရာသီဥတုမကောင်းလို့ ထုတ်ဝေတာနောက်ကျတဲ့အခါမျိုးဆို ပြည်သူတွေက ဘာကြောင့်ဂျာနယ်အချိန်မီမထွက်လဲ မေးပြီး ဂျာနယ်တိုက်ထိကို လာဝယ်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ တခြားဂျာနယ်တွေမှာမပါတဲ့ ဒေသဆိုင်ရာသတင်းတွေက ဒီဂျာနယ်မှာပါတာကိုး။ တစ်လကို စုစုပေါင်းစောင်ရေ ၃၀၀၀၀ လောက် ထုတ်ဝေရပါတယ်။

မေး။ ။ သတင်းရယူခွင့်တွေ၊ သတင်းရယူတဲ့နေရာတွေမှာ လက်ရှိဘယ်လို အခြေအနေရှိလဲ။

ဖြေ။ ။ အခက်အခဲတွေကတော့ အရင်ကအများကြီးပဲ။ အခုနောက်ပိုင်းမှာတော့ အစိုးရအဖွဲ့နဲ့ဌာနဆိုင်ရာတွေက ဒီပြည်နယ်ကလူတွေကို ဒီဂျာနယ်မှာပြောမှပဲ ပိုသိလာနိုင်တယ်ဆိုပြီးနားလည်လာတယ်။ အချိန်ကြာလာတာနဲ့အမျှ ဝန်ကြီးချုပ်ကိုယ်တိုင်လည်း ခဏခဏအင်တာဗျူးဖြေပေးလာတယ်။ ဌာနဆိုင်ရာတွေကလည်း သတင်းတွေဖြေလာကြတယ်။ အဓိကစိန်ခေါ်မှုက ကချင်ပြည်နယ်ဟာ သဘာဝသယံဇာတတွေအများကြီးရှိတယ်။ သတင်းထောက်လစာနည်းနည်းလေးနဲ့ သတင်းထောက်အလုပ်ကို ဘယ်သူမှသိပ်မလုပ်ချင်ကြဘူး။ အလုပ်ထဲရောက်လာလို့ သင်တန်းတွေပေးပြီးမှ မိသားစုနောက်ခံကချမ်းသာလို့ တောင့်တင်းလို့ ခဏတဖြုတ်လုပ်ပြီး ပင်ပန်းမှုတွေရယ်၊အန္တရာယ်ကြုံရမှာကြောင့်ရယ်ကို အကြောင်းပြပြီး ထွက်သွားကြတာများတယ်။

ဦးရာဇာ(တာဝန်ခံအယ်ဒီတာ၊ အမတ်ဒိန်ဂျာနယ်)

မေး။ ။ တိုင်းရင်းသားဘာသာစကားနဲ့ ဂျာနယ်တစ်စောင်ထုတ်ဝေရတဲ့ လက်ရှိကြုံတွေ့နေရတဲ့ အခြေအနေကဘယ်လိုရှိလဲ။ အခက်အခဲတွေရှိလား။ ဘယ်လိုအပြောင်းအလဲတွေကိုမျှော်လင့်သလဲ။

ဖြေ။ ။ အခုအခက်အခဲက မွန်ဘာသာနဲ့ ထုတ်ဝေတဲ့အတွက်ကြောင့် မွန်ဘာသာနဲ့ သတင်းရေးမယ့် သတင်းထောက်တွေလိုအပ်တယ်။ မွန်ဘာသာနဲ့ ဆောင်းပါးရေးသားနိုင်တဲ့ ဆောင်းပါးရှင်တွေ လိုအပ်တယ်။ ဒါဟာ အခုလောလောဆယ်မှာရှိနေတဲ့ စိန်ခေါ်မှုတွေပါ။ နောက်တိုင်းရင်းသားဒေသတွေမှာ ပုံနှိပ်စက်ကောင်းကောင်းမရှိတဲ့အတွက်ကြောင့် ရန်ကုန်ကိုလာပြီး ပုံနှိပ်ထုတ်ဝေနေရတယ်။ အများဆုံးဖတ်ရှုတာက တကယ့်ကျေးလက်မှာရှိနေတဲ့ မွန်စာကို ဖတ်တတ်တဲ့ လူထုဖြစ်နေတော့ သူတို့ဆီရောက်ဖို့ လမ်းပန်းဆက်သွယ်ရေးကလည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်တယ်။ သံဖြူဇရပ်၊ ပေါင်၊ ဘားအံ (တောင်ပိုင်း)၊ ကော့ကရိတ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန် စတဲ့ မွန်လူမျိုးတွေ အများစုရှိတဲ့နေရာတွေကို ဖြန့်ချိတယ်။ တစ်လကိုပုံမှန် စောင်ရေ ၁၀၀၀ ကနေ ၃၀၀၀ ကြားဖြန့်တယ်။

မေး။ ။ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေရေးသားနေတဲ့ မီဒီယာအမြောက်အမြားရှိနေတဲ့အချိန်အခါမှာ မွန်ဘာသာနဲ့ ဂျာနယ်ထုတ်ဝေဖို့ ရွေးချယ်ခဲ့တာက ဘယ်လိုအကြောင်းရင်းတွေကြောင့်လဲ။

ဖြေ။ ။ ကျွန်တော်တို့ရဲ့ အဓိကရည်မှန်းထားတဲ့ စာဖတ်ပရိသတ်က မွန်စာတတ်တဲ့ မွန်လူထုဖြစ်တယ်။ နိုင်ငံတော်မှာဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေ၊ အပြောင်းအလဲတွေကို သူတို့တွေအနေနဲ့ လက်လှမ်းမီနိုင်ဖို့ အလွန်ခက်ခဲတယ်။ နောက်တစ်ခုက မြန်မာစာဖတ်ဖို့လည်းသူတို့မှာ အခက်အခဲရှိတယ်။ ဒါကြောင့် သူတို့ရဲ့ဘာသာနဲ့ ပြန်ဖြန့်ချိဖို့ ရည်ရွယ်ထားတယ်။ အကျိုးအမြတ်ထက်ကို လူထုကိုအသိပညာပေးချင်တယ်။ ကျွန်တော်တို့ ဂျာနယ်ထုတ်ခဲ့တာ အခုဆိုရင် ၁၀ နှစ်သက်တမ်းရှိပြီ။ အရင်ကဆိုရင် ခွင့်ပြုချက်ရဖို့ ခက်ခဲတဲ့ အခြေအနေမျိုးကနေ အခုဆိုရင် တစ်လတစ်အုပ် ပုံမှန်ထုတ်ဝေနိုင်တဲ့ အခြေအနေထိ ရှိလာပြီ။ ဒါက ဒီအပြောင်းအလဲမှာရရှိခဲ့တဲ့အကျိုးကျေးဇူးပေါ့။

သတင်းမီဒီယာလွတ်လပ်ခွင့်မှာတော့ ထုတ်ဝေခဲ့တဲ့ကာလတစ်လျှောက်မှာ သိပ်ပြီးကြီးမားတဲ့ ပြဿနာမရှိခဲ့ဘူး။ sensitive ဖြစ်တဲ့ဘက်အခြမ်းကို ရှောင်ပြီးရေးတယ်။ အဓိကက လူထုကိုအကျိုးပြုနိုင်တဲ့ ကိစ္စတွေကိုပဲ ဦးတည်ပြီးရေးတယ်။ သတင်းလွတ်လပ်မှုကတော့ ဘာမှခုချိန်ထိ ပြဿနာမရှိသေးဘူး။

တွေ့ခဲ့ဆုံမေးမြန်း - ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ-ဗိုးထောင်

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၁

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေးဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် (၅၂)ကြိမ်မြောက် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ပဋ္ဌမမြောက်နေ့အဖြစ် ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင် ကျောက်စိမ်းအတွဲ အမှတ် (၁၇၅၁)မှ (၃၅၀၀)အထိ ရောင်းချခဲ့ရသည့် အတွဲအောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့သည်။ အလားတူ ပြည်တွင်းရတနာကုန်သည်များသည် ကျောက်စိမ်းခန်းမ ပရဝဏ်အတွင်း ဆက်လက်ရောင်းချမည့်နေရာအလိုက် ခင်းကျင်းပြသထားသော ကျောက်စိမ်းတွဲများကို လိုက်လံကြည့်ရှုလေ့လာကြကာ မိမိတို့ဝယ်ယူလိုသည့် ကျောက်စိမ်းအတွဲနံပါတ်များကို မှတ်သားခြင်း၊ ကျောက်စိမ်းအရည်အသွေး စစ်ဆေးခြင်းများကို ပြုလုပ်ကြပြီး ဝယ်ယူမည့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်း အဆိုပြုလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းအဆိုပြုကြသည်။

ယနေ့တွင် ကျောက်စိမ်းတွဲအမှတ် (၃၅၀၁)မှ (၅၂၅၀)အထိ အတွဲ ၁၇၅၀ ကို တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ပြပွဲကာလတစ်လျှောက်တွင် ကျောက်စိမ်းအတွဲပေါင်း ၆၈၂၆ တွဲကို ဈေးပြိုင်စနစ်၊ တင်ဒါစနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နည်းပညာ

Alez - ရေးသားသည်

OPPO Neo 7 နှင့် MPT တို့မှ အခမဲ့အင်တာနက်သုံးစွဲခွင့်အစီအစဉ် စတင်

ပြည်တွင်းမိုဘိုင်းလ်ဖုန်းဈေးကွက်အတွင်း၌ OPPO Neo 7 ကို စတင်ရောင်းချပြီး ရက်သတ္တပတ် အနည်းငယ်အကြာတွင် OPPO Myanmar က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT တို့နှင့် ပူးပေါင်းသည့် လက်ဆောင်အစီအစဉ်စတင်လိုက်ကြောင်း သိရသည်။

ကျပ်၁၉၉,၀၀၀ နှင့် ၅ လက်မ မျက်နှာပြင်အကျယ်ရှိပြီး ဒီဇိုင်းပိုင်းဖန်တီးမှုတွင် သပ်ရပ်လှပမှုရှိသည့် ကင်မရာအားသာချက်ရှိပြီး ကောင်းမွန်သော OPPO Neo 7 စမတ်ဖုန်းတစ်လုံး ဝယ်ယူသူတိုင်းအားကျပ်နှစ်သောင်းတန်ဖိုးရှိ ဆုလက်ဆောင်ငါးမျိုးအပြင် MPT ၏ 777 MB ပမာဏရှိ အင်တာနက်သုံးစွဲမှုကို ခြောက်လဆက်တိုက် အခမဲ့ရရှိမည်ဖြစ်သည်။ ၅ လက်မမျက်နှာပြင်အကျယ်ရှိ နည်းပညာမြင့် စမတ်ဖုန်းဖြစ်သည့် OPPO Neo 7 ကို သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ဝယ်ယူနိုင်မည့်အပြင် ထပ်မံရရှိမည့် MPT ၏ လက်ဆောင်များကြောင့် မိုဘိုင်းလ်အင်တာနက်ကို အကောင်းဆုံး အသုံးပြုနိုင်မည်ဖြစ်သည်။

"MPT အနေနဲ့ OPPO Myanmar နဲ့ပူးပေါင်းပြီး အခုလို ပြည်တွင်းက မိုဘိုင်းဖုန်းသုံးစွဲသူတွေ ကြိုက်နှစ်သက်မယ့် လက်ဆောင်အစီအစဉ်ကို ပြုလုပ်ပေးနိုင်တဲ့အတွက် ဝမ်းသာပါတယ်။ အခု စတင်နေပြီဖြစ်တဲ့ MPT နဲ့ OPPO 7 တို့ရဲ့ အထူးအစီအစဉ်ဟာ မြန်မာနိုင်ငံက မိုဘိုင်းလ်ဖုန်းအသုံးပြုသူတွေကို ရည်ရွယ်ပါတယ်။ ပြီးတော့ မိုဘိုင်းဆက်သွယ်ရေးနယ်ပယ်အတွင်းမှာရှိတဲ့ MPT နဲ့ စမတ်ဖုန်းဈေးကွက်မှာ ရောင်းအားကောင်းတဲ့ OPPO Neo 7 တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံက မိုဘိုင်းလ်ဖုန်းအသုံးပြုသူတွေကို ထူးခြားတဲ့ လက်ဆောင်အစီအစဉ်တွေ ပေးချင်တာပါ" ဟု MPT-KSGM Joint Operation မှ Mr. Koichi Kawase, Chief Commercial Officer က ပြောကြားပါသည်။

အခမဲ့ အင်တာနက် အသုံးပြုနိုင်မည့် လက်ဆောင်အစီအစဉ်ကို ပြုလုပ်ပေးရခြင်းနှင့် ပတ်သက်၍ OPPO Myanmar ၏ အမှုဆောင်အရာရှိချုပ် Mr. David Tang က "မြန်မာနိုင်ငံရဲ့ မိုဘိုင်းလ်ဖုန်းဈေး ကွက်အတွင်းမှာ လူငယ်တွေကြား ရေပန်းစားနေတဲ့ OPPO Neo 7 နဲ့ MPT လက်တွဲပြီး ပြည်တွင်းမိုဘိုင်းဖုန်း သုံးစွဲသူတွေအတွက် အခုလို အခမဲ့အင်တာနက် သုံးစွဲခွင့်တွေကို ပြုလုပ်ပေးနိုင်တဲ့အတွက် အများကြီး ဝမ်းသာမိပါတယ်" ဟု ပြောကြားသည်။ အထက်ပါလက်ဆောင်အစီအစဉ်များကို ရရှိသူများသည် တစ်လလျှင် ဖုန်းအတွင်းအနည်းဆုံး ဖြည့်သွင်းငွေတစ်ထောင်ကျပ် ထည့်သွင်းထားရမည်ဖြစ်သည်။

ပြည်တွင်းမိုဘိုင်းလ်ဖုန်းဈေးကွက်အတွင်း အရည်အသွေးမြင့်မားသော နည်းပညာထုတ်ကုန်များကို ကြိုက်နှစ် သက်သည့် လူငယ်များကြား ရေပန်းစားနေသည့် Neo 7 ကို ၂၀၁၅ နိုဝင်ဘာလမှ စတင်၍ ပြည်တွင်းဈေးကွက်အတွင်း၌ ရောင်းချခဲ့ပြီးနောက် Neo 7 ၏ Product Ambassador များအဖြစ် နိုင်ငံကျော် အဆိုတော် မျိုးကြီး၊ ခင်ဝင့်ဝါနှင့် ရဲရင့်အောင်တို့ကို ခန့်အပ်ပြီး OPPO Neo 7 ကို ပြည်တွင်းအနုပညာရှင်များလည်း ကြိုက်နှစ်သက်ကြောင်း သိရသည်။

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်မှ ပျံကျဈေးသည်များ ဈေးရုံသစ်ကြီးတွင် ဆိုင်ခန်းများ မဲဖောက်နေရာချပေး

ရန်ကုန် ဒီဇင်ဘာ ၁၁

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်တွင် လမ်းနယ်ကျူးပျံကျဈေးသည်များ ပပျောက်စေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ အ မှန်တကယ် ဈေးရောင်းချနေသူများကို စာရင်းကောက်၍ ဆိုင်ခန်းများမဲဖောက်နေရာချထားပေးကြောင်း ဒီဇင်ဘာ ၁၁ ရက်က အမှတ် (၆) ရပ်ကွက်ရှိ ဈေးရုံသစ်ကြီး ဖွင့်ပွဲအခမ်းအနားတွင် အမှတ် (၂)ဈေးတာဝန်ခံ ဦးအေးမြင့်အောင်က ပြောကြားသည်။

"အမှတ် (၆) ရပ်ကွက် ဈေးရုံသစ်ကြီးက ဈေးရုံနှစ်ရုံတည်ဆောက်ထားတာပါ။ ဈေးရုံတစ်ရုံမှာ ဆိုင်ခန်းပေါင်း ၅၄ ခန်းရှိပါတယ်။ ဈေးရုံ နှစ်ရုံဆိုတော့ စုစုပေါင်းဆိုင်ခန်း ၁၀၈ ခန်းရှိပါတယ်"ဟု အဆိုပါ ဈေးတာဝန်ခံက ရှင်းပြသည်။

ယခုအခါ အဆိုပါ အမှတ် (၆) ရပ်ကွက်ရှိ ဈေးရုံသစ်ကြီးတွင် သားငါး၊ကုန်စိမ်းနှင့် ကုန်မျိုးစုံဆိုင်များဖြင့် စည်ကားစွာ ရောင်းဝယ်နေကြသည်ကို မြင်တွေ့ရသည်။

"အရင်တုန်းက လမ်းပေါ်မှာ ဈေးရောင်းနေရတာဆိုတော့ စည်ပင်အဖွဲ့လာရင် ပြေးရလွှားရနဲ့ အိန္ဒြေမရဘူး။ အခုတော့ ဈေးများဌာနက လမ်းနယ်ကျူး ဈေးသည်တွေကို မဲဖောက်ပြီး ဆိုင်ခန်းတွေနေရာချထားပေးတော့ အိန္ဒြေရရဈေးရောင်းလို့ရပြီ။ ဖမ်းမှာဆီးမှာလည်း မကြောက်ရတော့ဘူး"ဟု ဈေးသည်တစ်ဦးက ပြောသည်။

ယင်းဈေးရုံသစ်ကြီးမှာ သံထည်အမျိုးအစား တစ်ထပ်အဆောက်အအုံဖြစ်ပြီး ဈေးရုံ နှစ်ရုံတည်ဆောက်ထားခြင်းဖြစ်သည်။ ဈေးရုံတစ်ရုံတွင် အကျယ် ၆၅ ပေ၊ အနံ ပေ ၆၀ ရှိကြောင်း ဈေးရုံမျက်နှာစာရှိ ဈေးရုံအဆောက်အအုံ ပုံစံတွင် ဖော်ပြထားမှုအရ သိရသည်။

အမှတ် (၆) ဈေးရုံသစ်ကြီး ဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်(အရှေ့ပိုင်း) ခရိုင်ဈေးများဌာန ဌာနခွဲမှူး ဦးရဲထွန်းနောင်နှင့် ခရိုင်အရာရှိများ၊ဒဂုံမြို့သစ် (တောင်ပိုင်း၊ မြောက်ပိုင်းနှင့် အရှေ့ပိုင်း) မြို့နယ်တို့မှ ဈေးတာဝန်ခံများတက်ရောက်ကြပြီး ဈေးသည်များ စည်းကမ်းတကျ ရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(မောင်သုည)

မြေပဲဆီများနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အောက်ဖော်ပြပါစားသုံးဆီအမှတ်တံဆိပ်များမှာ မြေပဲဆီဟု ဖော်ပြထားပြီး မြေပဲဆီအစစ်မဟုတ်ဘဲ **စားအုန်းဆီနှင့်အခြားစားသုံးဆီအရောများ** ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အမှတ်တံဆိပ်ပါဖော်ပြချက်နှင့် ကိုက်ညီမှုမရှိသည့် စံမညီစားသုံးဆီများဖြစ်ကြောင်း အများပြည်သူသိရှိနိုင်ရန် အသိပေးကြေညာအပ်ပါသည်။

အဆိုပါ အမှတ်တံဆိပ်ဖြင့် မြေပဲဆီထုတ်လုပ်သည့်လုပ်ငန်းများအနေဖြင့် အဆိုပါစံမညီ စားသုံးဆီများအား ဈေးကွက်မှ အမြန်ဆုံးပြန်လည်ရုတ်သိမ်းသွားရန်နှင့် ဆက်လက်ထုတ်လုပ်ရောင်းချကြောင်း စိစစ်တွေ့ရှိရပါက အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၂၈(ခ)အရ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

လုပ်သားပြည်သူများ၏ နေ့စဉ်မရှိမဖြစ်စားသုံးဆီများသည် သတ်မှတ်စံနှုန်းများနှင့် ညီညွတ် စေရန်အတွက် ဈေးကွက်များရှိ စားသုံးဆီများအား ဆက်လက်စစ်ဆေးဖော်ထုတ်ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

အမှတ်တံဆိပ်နှင့် အစားအသောက်အမျိုးအစားများ

စဉ်	အမှတ်တံဆိပ်	အစားအသောက် အမျိုးအစား ဖော်ပြချက်	ထုတ်လုပ်သည့်လုပ်ငန်းအမည်နှင့် လိပ်စာ	စိစစ်တွေ့ရှိချက်
၁။	တော်ဝင်နဒီ	Peanut Oil	အမှတ်(၉၀၀)၊ ဗိုလ်ချုပ်လမ်းမကြီး၊ အဆင့်မြင့်(၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။	စားအုန်းဆီ ဖြစ်ပါသည်။
၂။	Lucky	မြေပဲဆီ	ဖော်ပြမထားပါ။	စားအုန်းဆီဖြစ်ပါသည်။
၃။	ss	မြေပဲဆီ	ဖော်ပြမထားပါ။	စားအုန်းဆီဖြစ်ပါသည်။
၄။	ရွှေမိုး	မြေပဲဆီ	ဖော်ပြမထားပါ။	စားသုံးဆီအရောဖြစ်ပါသည်။
၅။	စိန်သရဖူ	မြေပဲဆီသန့်	ချိုသစ္စာကုမ္ဏီလီမိတက်၅၂/၅၅ မေဖလားဝါးလမ်း၊ နဝဒေးအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။	စားသုံးဆီအရောဖြစ်ပါသည်။
၆။	Family	မြေပဲဆီသန့်	အမှတ်-၅၂၀၊ အဝေရာလမ်း၊ နံ့သာကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။	စားသုံးဆီအရောဖြစ်ပါသည်။
၇။	စံထိပ်တန်း	မြေပဲဆီ	ဖော်ပြမထားပါ။	စားသုံးဆီအရောဖြစ်ပါသည်။
၈။	ရွှေစင်	မြေပဲဆီ	ဖော်ပြမထားပါ။	စားသုံးဆီအရောဖြစ်ပါသည်။
၉။	ညွှန့်ငြေး	မြေပဲဆီသန့်	အမှတ်(၁၂)၊ ၂၇ x ၂၈လမ်းကြား ၈၇လမ်း၊ မန္တလေးမြို့။	စားသုံးဆီအရောဖြစ်ပါသည်။
၁၀။	ရွှေကမ္ဘာ	အဆင့်မြင့် ပဲဆီသန့်	ဖော်ပြမထားပါ။	စားသုံးဆီအရောဖြစ်ပါသည်။

စဉ်	အမှတ်တံဆိပ်	အစားအသောက် အမျိုးအစားဖော်ပြချက်	ထုတ်လုပ်သည့် လုပ်ငန်းအမည်နှင့် လိပ်စာ	စိစစ်တွေ့ရှိချက်
၁၁။	စိန်တောင်တန်း	မြေပဲဆီသန့်	တံခွန်တိုင်ဘူတာအနီး၊ တံခွန်တိုင်ရပ်ကွက်၊ ပြည်ကြီး တံခွန်မြို့နယ်၊ မန္တလေးမြို့။	စားသုံးဆီအရောဖြစ်ပါသည်။
၁၂။	အိုကေစီ/OKC	မြေပဲဆီသန့်	Super Power Food Production, East Dagon, Yangon	စားသုံးဆီအရောဖြစ်ပါသည်။
၁၃။	Quality	100% Pure Groundnut Oil	A Quality Product of Myat Distribution Group	စားသုံးဆီအရောဖြစ်ပါသည်။
၁၄။	ရွှေတောင်	ပဲဆီသန့်	အမှတ်(၈၅)၊ ၈၅ လမ်း၊ ၃၁ x ၃၂ကြား၊ မလွန်ရပ်၊ မန္တလေးမြို့။	စားသုံးဆီအရောဖြစ်ပါသည်။
၁၅။	ကောင်းထက်ကျော်	ပဲဆီ	စက်ရုံ-၃၂ x ၃၃ ကြား၊ ၈၉ x ၉၀ ကြား၊ ဒေးဝန်းလမ်းမကြီး၊ မန္တလေးမြို့။	စားသုံးဆီအရောဖြစ်ပါသည်။
၁၆။	ကောင်းကြိုက်	ပဲဆီသန့်	ဖော်ပြမထားပါ။	စားသုံးဆီအရောဖြစ်ပါသည်။
၁၇။	အင်းဝ	ပဲဆီသန့်	အမှတ်(၈၅)၊ ၈၅ လမ်း၊ ၃၁ x ၃၂ ကြား၊ မလွန်ရပ်၊ မန္တလေးမြို့။	စားသုံးဆီအရောဖြစ်ပါသည်။
၁၈။	အေးမြတ်မွန်	ပဲဆီသန့်	(၈၅)လမ်း၊ ၃၀ x ၃၁ လမ်းကြား၊ မန္တလေးမြို့။	စားသုံးဆီအရောဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက မအူပင်လေးအိမ်စုကျေးရွာ မဂ်လာစာကြည့်တိုက် E-Library အဆင့်တိုးမြှင့်ရေး အလှူငွေနှင့် စာအုပ်၊စာစောင်များလှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၁

ယင်းနောက် မဂ်လာစာကြည့်တိုက်မှူး ဒေါ်နော်ခင်မျိုးလတ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် လေးအိမ်စုကျေးရွာ မဂ်လာစာကြည့်တိုက် E-Library အဆင့်တိုးမြှင့်ဆောက်လုပ်နိုင်ရေးအတွက် အလှူငွေနှင့် စာအုပ်၊ စာစောင်များပေးအပ်လှူဒါန်းပွဲကို ယမန်နေ့နံနက် ၁၁ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနာယကသီရိပျံချီ ဦးအောင်ကြည်၊ ဥက္ကဋ္ဌ ဦးမောင်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး ဆရာလေးဟေမာစာရီက မအူပင်မြို့နယ် လေးအိမ်စုကျေးရွာ မဂ်လာစာကြည့်တိုက် E-Library အဆင့်တိုးမြှင့်ဆောက်လုပ်နေမှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က အလှူငွေကျပ် ၁၀ သိန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေက စာအုပ်၊စာစောင်များကို ပေးအပ်လှူဒါန်းရာ ဆရာလေးဟေမာစာရီနှင့် စာကြည့်တိုက်မှူး ဒေါ်နော်ခင်မျိုးလတ်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။

❍ ထားဝယ်စီမံကိန်းမှ

ဆွန်ဂျက်တင်နာပေါင်က ပြောကြားသည်။ သို့သော်လည်း အဆိုပါအစီအစဉ်ကို အတည်မပြုမီ နှစ်နိုင်ငံစလုံးမှထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ကြောင်း ထားဝယ်စီမံကိန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ကြီးကြပ်ကွပ်ကဲရသော ထိုင်းနိုင်ငံအမျိုးသားစီးပွားရေးနှင့်လူမှုရေးဆိုင်ရာဖွံ့ဖြိုးမှုဘုတ်အဖွဲ့(NESDB)မှ သတင်းရပ်ကွက်များကဆိုသည်။ ထိုင်းနိုင်ငံ ကန်ချနဘူရီပြည်နယ်မှ ထားဝယ်ရေနက်ဆိပ်ကမ်းသို့ ဆက်သွယ်ထားသည့် လမ်းမကြီးတည်ဆောက်ရေးအတွက် ဘတ်ဂျက်ငွေ ထိုင်း ဘတ် ၄ ဒသမ ၅ ဘီလီယံ သတ်မှတ်ထားကြောင်း သိရသည်။

ITD က ကနဉီးရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံနှင့်အတူ ထားဝယ်စီမံကိန်းပထမအဆင့် တည်ဆောက်မှုစတင်ရန်ပြီးခဲ့သည့် ဩဂုတ်လအတွင်းက မြန်မာအစိုးရနှင့် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုများအနက် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကို မဂ္ဂါဝပ် ၄၅၀ ရှိ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတစ်ရုံတည်ဆောက်ရန် အသုံးပြုမည်ဖြစ်သည်။ ထားဝယ်စက်မှုဇုန်တည်ဆောက်မှုပြီးစီးပါက ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံတစ်ရုံတည်ဆောက်ရန် ITD က စီစဉ်နေပြီး အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကို ရေနံဓာတုစက်ရုံနှင့် ရေနံချက်စက်ရုံတည်ဆောက်ရေးတွင် သုံးစွဲမည်ဖြစ်သည်။ စီမံကိန်းပြီးစီးပါက အလုပ်အကိုင်အခွင့်အလမ်း ၁၀၀၀၀၀ ခန့် ဖန်တီးပေးခြင်းအားဖြင့် ထားဝယ်ဒေသ၏စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေမည်ဟု မျှော်လင့်ရပါသည်။

(Bangkok Post)

ATM ကတ်အတုဖြင့် ငွေခိုးထုတ်ယူသူ နိုင်ငံခြားသားတစ်ဦးအားဖမ်းဆီးရမိ

ရန်ကုန် ဒီဇင်ဘာ ၁၁

ကမ္ဘောဇဘက် ATM ကတ် ၄ခန လက်ထောက်မန်နေဂျာ ဦးအောင်ပြည့်ဇော်သည် နိုဝင်ဘာ ၁၀ ရက်က ကမာရွတ်မြို့နယ် (၈) ရပ်ကွက် လှည်းတန်းစိန်ဂေဟာရှေ့တွင် ထားရှိသည့် ATM စက်နှင့် လှည်းတန်းစင်တာတွင် ထားရှိသည့် ATM စက်တို့တွင် T.K.MAXX ကတ်တစ်ခုစီကို မသက်ဘွယ်တွေ့ရှိသဖြင့် ယင်းကတ်နှစ်ခုအား IT ၄ခန တွင် စစ်ဆေးရာ ဒီဇာကတ် data များတွေ့ရှိရပြီး နိုဝင်ဘာ ၈ ရက် ညနေပိုင်းတွင် လှည်းတန်းစင်တာရှိ ATM စက်နှင့် စိန်ဂေဟာရှေ့ရှိ ATM စက်တို့မှ ငွေကျပ် ၁၈ သိန်းကို ဘူလ်ဂေးရီးယားနိုင်ငံသားတစ်ဦးက Visa Card အတု၊ Mastro Card အတုနှင့် MASTER ကတ်အတုတို့ဖြင့် ခိုးယူသွားကြောင်း သိရသဖြင့် အရေးယူပေးရန် တိုင်တန်းခဲ့ရာ ကမာရွတ်မြို့မရဲစခန်း(၀) ၄၉၆/၂၀၁၅၊ ပြစ်မှုပုဒ်မ-၃၈၁/၄၆၈ ဖြင့် အမှုဖွင့်လှန်ပြီး ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

အမှုဖော်ထုတ်ရရှိရေးအတွက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက အဖွဲ့များခွဲ၍ လေဆိပ်အဝင်၊ အထွက်များ စောင့်ကြည့်ခြင်း၊ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများသို့ လိုက်လံစုံစမ်းခြင်းတို့ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် ကျောက်တံတားမြို့နယ်ရှိ City Star ဟိုတယ်၌ ဘူလ်ဂေးရီးယားနိုင်ငံသားတစ်ဦး တည်းခိုနေကြောင်း သတင်းအရ ဝင်ရောက်ဖမ်းဆီးခဲ့ရာ ပြစ်မှုကျူးလွန်သူ ဘူလ်ဂေးရီးယားနိုင်ငံသား Mr. MILEN ATANASOV(TASEV) (၃၆)နှစ်အား hp အမျိုးအစား လက်ပ်တော့ကွန်ပျူတာ တစ်လုံး၊ စမတ်ကတ်မျိုးစုံ ၃၀၈ ကတ်၊ ၄-၁၂-၂၀၁၅ ရက်စွဲပါ MANDALAY MINI(2) AGD BANK၏ ATM စက်မှ ဖြတ်ပိုင်းတစ်ရွက်၊ ၁၀-၁၂-၂၀၁၅ ရက်စွဲပါ BOTAHTAUNG BRANCH KBZ BANK ၏ ATM စက်မှ ဖြတ်ပိုင်းတစ်ရွက်၊ MSAX6 စာတန်းပါ ကွန်ပျူတာနှင့်ချိတ်ဆက်၍ ကတ်စစ်သည့် ကိရိယာတစ်ခုနှင့် ကြိုးတစ်ချောင်း၊ SAMSUNG GALAXY A5 အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး၊ ENGLADN POUNDS ၂၀ တန် ၁၅ ရွက်နှင့် မြန်မာငွေကျပ် ၄၉၃၄၀၀၀၀တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူအား စစ်ဆေးခဲ့ရာ နိုဝင်ဘာ ၃ ရက်တွင် တရုတ်လေကြောင်းလိုင်းဖြင့် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး ကျောက်တံတားမြို့နယ်ရှိ City Star ဟိုတယ်တွင် တည်းခိုနေထိုင်ခဲ့ကြောင်း၊ နိုဝင်ဘာ ၈ ရက် ညနေပိုင်းတွင် ကမာရွတ်မြို့နယ် လှည်းတန်းစင်တာရှိ ATM ငွေထုတ်စက်မှ ကတ်အတုဖြင့် ငွေထုတ်ယူရာ မရရှိဘဲ ကတ်အတုမှာ ငွေထုတ်စက်အတွင်း ကျန်နေခဲ့ကြောင်း၊ ယင်းနေ့ညနေပိုင်းတွင် လှည်းတန်းစိန်ဂေဟာရှေ့ရှိ ATM ငွေထုတ်စက်မှ ATM ကတ်အတုဖြင့် ခုနစ်ကြိမ်ခွဲ၍ ငွေများထုတ်ယူခဲ့ရာ စုစုပေါင်း ငွေကျပ် ၁၈ သိန်း ထုတ်ယူရရှိခဲ့ကြောင်း၊ နိုဝင်ဘာ ၁၄ ရက်တွင် မန္တလေးမြို့သို့ သွားရောက်ခဲ့ပြီး မြို့ပေါ်ရှိ ATM ငွေထုတ်စက်များမှ ငွေများကိုလည်း ကတ်အတုများဖြင့် ထုတ်ယူ၍ ရန်ကုန်သို့ ပြန်လာကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အဆိုပါ ပြစ်မှုကျူးလွန်သူ ဘူလ်ဂေးရီးယားနိုင်ငံသားအား အခြားအမှုများ ကျူးလွန်ထားခြင်း ရှိ၊ မရှိ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ဆက်လက်ဖော်ထုတ်စစ်ဆေးလျက်ရှိကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ထန်တလန်မြို့နယ်၏ ၂၀၁၀ ရွေးကောက်ပွဲမဲလက်မှတ်များ မီးရှို့ဖျက်ဆီး

ထန်တလန် ဒီဇင်ဘာ ၁၁

ထန်တလန်မြို့နယ်၏ ၂၀၁၀ ရွေးကောက်ပွဲမဲလက်မှတ်များကို ညွှန်ကြားချက်နှင့်အညီ မီးရှို့ဖျက်ဆီးခြင်းအား ဒီဇင်ဘာ ၁၁ ရက် နံနက် ၁၁ နာရီတွင် ထန်တလန်မြို့ရှိ သတ်မှတ်နေရာ၌ပြုလုပ်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးထလာမန်းနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိ ဦးတင်ထွန်းနိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးအမ်းအင်းလမ်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှဝန်ထမ်းများက မီးရှို့ဖျက်ဆီးကြသည်။

အဆိုပါမဲလက်မှတ်များကို ပြည်နယ်ရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်အရ မီးရှို့ဖျက်ဆီးခြင်းဖြစ်ကြောင်း၊ ထန်တလန်မြို့နယ်သည် ၂၀၁၀ နှင့် ၂၀၁၅ ခုနှစ်များတွင် ကျင်းပသည့်ရွေးကောက်ပွဲများကို ပြဿနာတစ်စုံတစ်ရာမရှိဘဲ အောင်အောင်မြင်မြင် ကျင်းပပြီးစီးနိုင်ခဲ့သည့် မြို့နယ်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

(မြို့နယ် မြန်/ဆက်)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး) (၂၁)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၁

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့မှ ၁၃၇၄-၇၅ ပညာသင်နှစ်တွင် သာသနတက္ကသီလဓမ္မပါရဂူ (Ph.D) ဘွဲ့ နှစ်ပါး၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ (M.A) ဘွဲ့ ၂၃ ပါးနှင့် သာသနတက္ကသီလဓမ္မာစရိယ(B.A) ဘွဲ့ ၉၉ ပါး ရရှိတော်မူသော ဆရာတော် သံဃာတော် ၁၂၄ ပါးတို့ကို ဘွဲ့ဆက်ကပ်မည့် (၂၁)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၇၇ ခုနှစ် နတ်တော်လပြည့်နေ့(၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသိမ်မွှာရုံခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ ဘွဲ့ခံယူတော်မူမည့် သံဃာတော်များထံသို့ ပင့်လျှောက်လွှာများကို စာတိုက်မှ တစ်ဆင့် ပေးပို့လျှောက်ထားပြီးဖြစ်ပါသည်။ ပင့်လျှောက်လွှာလက်ခံရရှိခြင်းမရှိပါကလည်း ဘွဲ့နှင်းသိမ်မွှာရုံသို့ ဒီဇင်ဘာ ၂၄ ရက်အရောက် အချိန်မီကြွရောက်တော်မူပါရန် ဘွဲ့ခံသံဃာတော်များအား သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာနက နှိုးဆော်ပင့်လျှောက်ထားကြောင်းနှင့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြတ်စွာဘုရားတစ်ဆူအပါအဝင် ပင့်သံဃာတော် ၁၃၇ ပါး၊ ဘွဲ့ခံသံဃာတော် ၁၂၄ ပါး စုစုပေါင်း ၂၆၂ ပါးတို့ကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်ဖြစ်၍ ဆွမ်းဆန်စိမ်းလောင်းလှူလိုသော ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် တစ်ဦးချင်းပုဂ္ဂလိက အလှူရှင်များ အနေဖြင့် အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဆွမ်းဆန်စိမ်းလောင်းလှူရေးကော်မတီ ဖုန်း-၀၁-၂၃၀၁၉၇၉၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ဖုန်း-၀၉-၄၀၀၀၄၀၃၃၊ ၀၉-၂၆၄၃၄၄၀၉၊ ၀၁-၆၆၄၃၃၉ တို့ကို ဆက်သွယ်လျှောက်ထားနိုင်ပါကြောင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) သမဝါယမတန်ဆောင်း(အောက်ထပ်) ကမ္ဘာအေးကုန်းမြေသို့ ၂၂-၁၂-၂၀၁၅ ရက်နေ့နောက်ဆုံးထားပေးပို့လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွယ်လွန်သူ ဖခင်ကြီး (ဦးကျော်နီ)-မိခင်ကြီး ဒေါ်ယုလန်တို့အား အမှူးထား၍ လသာမြို့နယ် (၂၁)လမ်း အမှတ် (၉၇)နေ သမီး ဒေါ်စောစောမေက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် ကျပ်သိန်း ၆၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာကျော်ဝင်း လက်ခံယူစဉ်။ (ကြေးမုံ)

စစ်ဘေးရှောင်ပြည်သူများအား အဝတ်အထည်နှင့် ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်း

လားရှိုး ဒီဇင်ဘာ ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ ရပ်ကွက်(၁၂)သီရိမင်္ဂလာ မန်ဆူ ရှမ်းကျောင်း၌ ဒီဇင်ဘာ ၁၀ ရက်ညနေ ၃ နာရီတွင် မန္တလေးမြို့မှ အစ္စလာမ်လူငယ်များအဖွဲ့မှ စစ်ဘေးရှောင်ပြည်သူများအား ခြံ့စောင်အထည် ၄၀၀၊ အမျိုးသမီးဝတ်ထဘီ ၁၀၀ နှင့် ကျောင်းသား ကျောင်းသူ ၃၀၀ အတွက် စာအုပ်၊ ဘောလ်ပင်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ၊ ကွန်ပါဘူးနှင့် နဝကမ္မဌေများ လှူဒါန်းခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပုညနန္ဒက ဩဝါဒမိန့်ကြားခဲ့သည်။ ဆက်လက်၍ မန္တလေးမြို့မှ အစ္စလာမ်လူငယ်များအဖွဲ့မှ စစ်ဘေးရှောင် ပြည်သူများအတွက် လှူဒါန်းဖွယ်ရာများနှင့် နဝကမ္မဝတ္ထုဌေများအား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **ဇာဏီအောင်(လားရှိုး)**

ယဉ်ကျေးမှု အနုပညာ

ချစ်မြတ်နိုးစရာ မြန်မာ့ဂီတ၊ မြန်မာ့အနုပညာ

နေသန်

ရွှေပိန်းချ မှန်စီကနုတ်လက်ရာများ ဖန်ပဒိုင်းအိုးများနှင့် ဖိတ်ဖိတ်တောက်လျက် ကျက်သရေမင်္ဂလာရှိစွာ ခန့်ညားလှပသော ရွှေဆိုင်းတော်ကြီးက စင်မြင့်ထက်တွင် ဝိုင်းတော်သားအစုံအလင်နှင့် ဆိုင်းစင်ရှေ့တွင် သင်ဖြူးဖျာချောပေါ် ကော်ဇောခင်းလျက် လက်ဖက်အစ်၊ ကွမ်းအစ် အစုံအလင်နှင့် အလှူ့အမကြီးနှင့် ဆွေမျိုးတစ်သိုက်တို့သည်လည်းကောင်း၊ အနီးပတ်လည်ရွာများမှ များပြားလှသော ရွှေပွဲလာပရိသတ်များသည် လည်းကောင်း၊ ဒေါက်ထောက်ရပ်နားထားသော လှည်းဝိုင်းကြီးအလယ်က ဆိုင်းတော်မင်္ဂလာသံကို ငုံ့လင့်လျက်ရှိကြသည်။ မကြာမီရွာစားကျော်၏ လက်ဖျားမှ စီးဆင်းလာသောမင်္ဂလာရေခင်းသံ ကြည်မြစွာထွက်ပေါ်လာသည်။ ရေခင်းသံ တီးလုံးဆုံးသည်နှင့် တစ်ဆက်တည်း ရွာစားကျော်၏ လက်စွမ်းပြဆိုင်းသံ၊ ဝိုင်းတော်သားတို့၏ မြူးကြွသွက်လက်သော တစ်ခဏက်ဟစ်ကြွေးတီးမှုတ်ဖန်တီးလိုက်သည့် ဂီတအနုပညာသံစဉ်လှိုင်းများက ညို့ယှူ ဖမ်းစားလျက် ပရိသတ်များကလည်း နှစ်သက်ကျေနပ်မိန်းမောလျက် ဂီတရေအလျင်ကြောတွင် အတူတကွ စီးမျောသွားကြသည်။

အတိတ်အချိန်ကာလများ

သူ့အမည်က စိန်တင်မောင်။ ဖခင်ဖြစ်သူ ဆိုင်းဆရာ စိန်ဘသာမှ မွေးဖွားပေးခဲ့သော ဆိုင်းညီနောင်နှစ်ဦး အနက်မှတစ်ဦး။ မိရိုးဖလာ ဆိုင်းမျိုးရိုး မြန်မာ့အနုပညာ၊ မြန်မာ့ဂီတမြတ်နိုးသူများဖြစ်သည်။ ဆိုင်းပညာကို လက်ဦးဆရာဖခင်ဖြစ်သူက ခုနစ်နှစ်သားအရွယ်မှာ သံပတ္တလားနှင့် ဝါးပတ္တလားတီးသင်ပေးခြင်းဖြင့် ဂီတမျိုးစေ့ချခဲ့သည်။ ကိုးနှစ်သားအရွယ်တွင် ဆိုင်းအခြေခံကို စတင်သင်ယူသည်။ စည်းနှင့်ဝါး၊ ထံတြာ၊ ပုစဉ်းတောင်ပံကြိုး၊ ဘွဲ့သီချင်း၊ ပတ်ပျိုး၊ ယိုးဒယား၊ မွန်တလိုင်းစသည်ဖြင့် အဆင့်ဆင့် သင်ယူရင်း၊ လေ့လာရင်း၊ လေ့ကျင့်ရင်း မြန်မာ့ရိုးရာ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲများတွင် မြန်မာ့တူရိယာ အမျိုးမျိုးတို့နှင့် ဝင်ရောက်ယှဉ်ပြိုင်၍ ရွှေတံဆိပ်နှင့် ဆုအမျိုးမျိုးလည်း ဆွတ်ခူးခဲ့သည်။ မိရိုးဖလာ လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့သော မြန်မာ့ဂီတအနုပညာကို တည်တံ့စေရမည်၊ စစ်မှန်စွာ ထိန်းသိမ်းထားနိုင်ရမည်၊ တီးလုံး၊ တီးပေါက် အသစ်အဆန်းများ တီထွင်မည်ဟု အားမာန်ချီလျက် ဆိုင်းအဖွဲ့တည်ထောင်ခဲ့သည်။ အရိုး ပေါ်တွင် မည်သည့် အရွက်မှမဖုံးစေရဟုခံယူရင်း ရိုးရာအနုပညာလမ်းပေါ် လျှောက်လာခဲ့သည်က ရင်သွေးလူမမယ်နှစ်ဦးနှင့် တတိယ အရွယ်သက်တမ်းသို့တိုင်ခဲ့ပြီဖြစ်သော်လည်း အခြေအနေ ဒုံးထောက်ယိမ်းယိုင်ရာမှလဲကျမသွားအောင် အားတင်းရုန်းကန်နေရဆဲပ။

စင်မြင့်၏လက်ဝဲဘက်အခြမ်းတွင် ဆိုင်းဝိုင်း၊ ကြေးဝိုင်း၊ မောင်းဆိုင်းခြောက်လုံးပတ်ဒိုးနှင့် ပတ်မကြီးကို သယ်ဆောင်ထားသော ပဠွရူပ အစရှိသည့် မြန်မာ့တူရိယာ အဝန်းအဝိုင်းက ကျပ်တည်းလှစွာဖြင့် တည်ရှိနေပြီး စင်၏လက်ယာဘက်အခြမ်းတွင်တော့ ရမ်ဆက်၊ ဘေ့စ်ဂစ်တာ၊ လိဒ်ဂစ်တာ၊ ကီးဘုတ် အစရှိသောတူရိယာတို့က နေရာယူထားကြသည်။ ညဦးဦးယံဧည့်ခံမင်္ဂလာဆိုင်းတော် အချိန်ကျရောက်ခဲ့ပေပြီ။ ဧူးရှသော ကီးဘုတ်၏အသံ၊ မြူးကြွသောဒရမ်ရိုက်ခတ်သံ၊ သွက်လက်သော၊ လှုပ်ရမ်းသော ကက္ပက်များ၊ တေးသံများ စင်အောက်မှ တုံ့ပြန်သော အလှုပ်အခါများနှင့် ဖွင့်လှစ်လိုက်ကြသည်။ သေချာသည်ကတော့ ည ၁ နာရီကျော်အထိ အရှိန်တက်ကြပေဦးမည်။ မင်္ဂလာရွှေဆိုင်းဝိုင်းတော်သားတို့ အလျှဉ်းသင့်ရာ ထောင့်နဘေး ခြံ့စောင်ပါးကလေးဖြင့်ကွေးကာ ငိုက်မည်းရင်း အလှည့်စောင့်ကြရပေဦးမည်။

ဇာတ်သဘင်တို့တွင် စတိတ်ရှိုးကဏ္ဍဝင်ရောက်တွင်ကျယ်လာခြင်းမှသည် မြန်မာ့ဆိုင်းများသို့ ကူးစက်လာခဲ့သည်။ ဆယ်စုနှစ်တစ်ခုမကတော့။ မြန်မာဆိုင်းစင်မြင့်၏ ထက်ဝက်ကိုအနောက်တိုင်းတူရိယာဝိုင်းက နေရာယူထားသလို ဖျော်ဖြေချိန်ထက်ဝက်မကကို တို၊ ကွဲ၊ ပေါ်၊ ဟိုက် ဝတ်ဆင်မှုများနှင့် အမျိုးအမည်မသိ ဒန်စာအကများ၊ မြူးကြွသွက်လက်သော်လည်း မပီသသည့် ကပြားသီချင်းသံ များက သိမ်းပိုက်ခဲ့ပြီဖြစ်သည်။

'ဆရာရေ မသိလို့မေးပါရစေ၊ ဆရာ့ဝိုင်းက ဘယ်ညာ ပါရဲ့လား'၊ ' ကျွန်တော့်ဆိုင်းက မြန်မာသံ၊ မြန်မာတီးဟန် အရသာစစ်စစ်တွေနဲ့ ထိုက်ထိုက်တန်တန်ဖျော်ဖြေမည့် ဆိုင်းစစ်စစ်ပါ။ ပညာကုန်၊ လက်ကုန်ဖွင့်လို့ မြန်မာ့ဂီတ အရသာမှန် ခံစားစေရမယ်ဗျာ၊ ဘယ်ညာတော့မထားဘူး'၊ 'အင်း ဒါဆိုရွာကလူတွေနဲ့လှမ်းတိုင်ပင်ပါရစေ'။ ဤပုံဖြင့် ဆိုင်းဌားဆယ်ဦးလျှင် ခုနှစ်ဦး၊ ရှစ်ဦး ပြန်ပေါ်မလာသော အခါ မိသားစုနှင့် ဝိုင်းတော်သားများ၏ ဝမ်းရေး၊ ရင်သွေးငယ်များ၏ပညာရေးမျှော်လင့်ချက်များ အပြင်းအထန် ထိုးနှက်ခံစားလာရသောအခါ. . . ။

အစောပိုင်းကာလများက မြန်မာ့ဆိုင်းပညာစစ်စစ်ကို ထုတ်ဖော်ပြသဂုဏ်ယူခဲ့ကြရသည်။ အလှူတစ်ပွဲ တီးလျှင် ငွေကျပ် ၁၆၀ ရသည်။ အလှူဝင်နေ့မှစ၍ နေ့ညဉ့်ခံ ညဉ့်ခံ အလှူပြီးပြောခေါက်သည်အထိ အစအဆုံး တီးပေးကြရသည်။ ပင်ပန်းသော်လည်း မြတ်နိုးဝါသနာပါသောအလုပ်မို့ ကျေနပ်သည်ဟုဆိုသည်။ ယနေ့ခေတ်တွင် ဆိုင်းတစ်ပွဲ ခုနစ်သိန်းမှ ၁၀ သိန်းအထိရနိုင်သည်။ သို့သော် ခေတ်ပေါ်တေးအမည်တပ် သရုပ်ပျက်ကပြား အဆိုအကများကို တွဲဖက်လက်ခံထားရသည်ကို ဘဝင်မကျလို့ရင်နာဝမ်းနည်းရသည်ဟု ဆိုင်းဆရာကဆိုသည်။ ရုပ်ကလေးလဲရှိ မြူးမြူးကြွကြွနှင့် ကာလသားအကြိုက်မင်းသမီးအဆိုတော်လေးများ တစ်ပွဲဆိုပါက နှစ်သိန်းမှ ငါးသိန်းအထိရှိသည်။ သူတို့ကိုဆက်သွယ်ခေါ်ယူပေးရသည်။ ပွဲဌားသူကလည်းဈေးမဆစ်ပါ။ သို့သော်ဆိုင်းဝိုင်းအတွက်တော့ ငါးသောင်းလျှော့ပါဦး၊ သုံးသောင်းလျှော့ပါဦး ဆိုလာသောအခါ ဘဝ၏အချိန်အတော်များများ ဆည်းပူးခဲ့သောပညာအတွက် ဝမ်းနည်းရသလို အနာဂတ်အတွက် ရင်မအေးနိုင်ကြောင်းပြောပြသည်။

အလွန်အခွပ်သန်သော တိုက်ကြက်ဥနှစ်လုံးလက်ဆောင်ရသည်ကို လင်မယားနှစ်ယောက် တစ်ယောက်တစ်လုံးကြော်စားမိရာမှ ဇနီးမောင်နှံနှစ်ဦး မျက်နှာချင်းဆိုင်တိုင်းခွပ်ချင်စိတ်တွေထလာလို့အိမ်မကပ်ရဲဟုဟော်တော်ဆက်သူ ဆိုင်းနောက်ကထ မြန်မာသံအဆိုတော်ကြီးကိုလွင်က "မြန်မာ့ဂီတ၊ မြန်မာသီချင်းတွေ တည်တံ့အောင် ရုန်းကန်နေရတဲ့အထဲ အခုဆိုပတ်လုံးတွေ၊ သားရေကျက်ဖို့ သားရေကလည်း ရှားပါးလိုက်တာ၊ တွေ့ကရာ သားရေနဲ့ ကြက်ရင်လည်း ဆိုင်းသံက ဂိန်၊ ညောင်၊ ပဲလို့မည်လိမ့်မယ်" ဟု အရွန်းဖောက်သည်။ ပြီးမှ နောက်တာပါ မလုပ်ပါဘူး၊ ဒိုင်နမိုမော်တာတွေ ကွိုင်ပတ်ရင်သုံးတဲ့ လျှပ်ကာပြားကို ပါကင်ပလတ်စတစ်ကြိုးနဲ့ သားရေအစား ကြက်ပြီးသုံးကြရတယ်။ ပတ်လုံးတိုင်းတော့ သုံးလို့မရဘူး။

မြန်မာ့ဂီတကိုချစ်မြတ်နိုးစွာ ဖက်တွယ်ရင်း၊ ဒူးထောက်မကျအောင်ထိန်းနေရသော ယိမ်းယိုင်နေသည့် အခြေအနေကို တွေးတောရင်း ဆိုင်းဆရာမှာ ရင်နာရသည်။ ညဉ့်တစ်နာရီခွဲကျော်ခဲ့ပြီ။ ခေတ်ပေါ်စတိတ်ရှိုး အစီအစဉ်တွေလည်း ပြီးသွားလေပြီ။ "နန်းထက်ကသည် တိုင်းစွန်နယ်ဖျားတောက်ကြွားလင်းလက်ပါတဲ့ ရွာစားမင်းရဲ့ရွှေဆိုင်းလက်သံ ဘဝဂ်လျှံအောင်ကြား" စသည်ဖြင့် ဆိုင်း နောက်ထ၏ ဆိုင်းဆင့်သံအဆုံး နေမျိုးဗလကျော်သူ ဘွဲ့ခံ ရွာစားစိန်ဗေဒါ၏ ရွှေမန်ကျည်းခုနစ်စည် တီးလုံးသံစဉ်ကို လက်စွမ်းပြတီးခတ်ရင်းရှေးဆရာ အစဉ်အဆက်ကို ဦးခိုက်ပူဇော်သည်။ တစ်ချက်ငဲ့ကြည့်တော့ ပရိသတ် အတော်များများပြန်ကြပြီ။ ပြီးတော့မြန်မာသံ အဆိုတော်ကြီးများအလှည့်။ ဆောင်းညအအေးဒဏ်ကို မခံနိုင်လို့ လားမသိ ပရိသတ်ပိုကျဲပါးသွားသလို့ပရိသတ်ပင်ပန်းချိန်မှ ဖျော်ဖြေရသော အခြေအနေကြောင့်လည်းဖြစ်နိုင်သည်။

စိတ်ရှိသလောက် လွတ်တီးလိုက်သည့် တီးကွက်တွေက စိတ်သလောက် မိုးသီးမိုးပေါက်သဖွယ် သွန်ချတီးခတ်သည်။ သီဆိုသည်။ 'တေးဘုံမှာ' သူမျက်စိမဖွင့်နောက်တစ်ပုဒ် ဆက်တီးသည်။ 'ဘဝသံသရာ' သီချင်းဆုံးချိန် ငြိမ်သက်တိတ်ဆိတ်လျက် မြန်မာဂီတမြတ်နိုးသူ ပရိသတ်အနည်းငယ်ကိုတွေ့ရသည်။ ဘုန်းတော်ကြီးကျောင်းမှ တုံးမောင်းခေါက်သံကြားရသည်။ အရုဏ်တက်ပြီ။ နှင်းမှုန်တွေကြောင့်လားမသိ အလင်းရောင်ကိုတော့မမြင်ရသေး. . . ။

မန္တလေးရှိ ရှေးဟောင်းသစ်သားကျောင်းတော်များထဲတွင် ရွှေနန်းတော်ကျောင်းသို့ နိုင်ငံတကာခရီးသွားများ ရောက်လေ့လာ

မန္တလေး ဒီဇင်ဘာ ၁၁

မန္တလေးမြို့သည် လေ့လာဖွယ်၊ စိတ်ဝင်စားဖွယ်ရာ ရှေးဟောင်းအမွေအနှစ်များစွာ တည်ရှိသော မြို့တစ်မြို့ပင် ဖြစ်သည်။ အထူးသဖြင့်ရှေးမူမပျက်တည်ရှိနေသော သစ်သားကျောင်းတော်များမှာ စိတ်ဝင်စားဖွယ်ရာဖြစ်နေသည်။

ကျုံးတော်၊ နန်းမြို့ရိုးပြာသာဒ်များ သုဓမ္မာဇရပ်များနှင့်အတူ ရှေးဟောင်းသစ်သားကျောင်းများစွာ တည်ရှိနေသည်။ သစ်သားကျောင်းများတွင် သာကဝန်ကျောင်း၊ ရွှေအင်ပင်ကျောင်း၊ ဗန်းမော်ကျောင်းတိုက်၊ ကြေးမြင်မိဖုရားကျောင်း၊ မဟာမင်းထင်ကျောင်း၊ ပင်းသာမင်းသားကျောင်း၊ သင်္ဂီဇာကျောင်းနှင့် ရွှေနန်းတော်ကျောင်း(ခေါ်) ရွှေကျောင်းကြီးတို့မှာ ထင်ရှားသည်။

ထင်ရှားသောသစ်သားကျောင်းများထဲတွင် သီပေါမင်း၏ကောင်းမှုတော်ဖြစ်သော ရွှေနန်းတော်ကျောင်းကို နိုင်ငံတကာခရီးသွားများ နေ့စဉ် လာရောက်လေ့လာမှုများပြားလျက်ရှိသည်။ ရွှေနန်းတော်ကျောင်း၏ ထူးခြားချက်များမှာ ကုန်းဘောင်ခေတ်၏ နောက်ဆုံးဘုရင် သီပေါမင်းကုသိုလ်တော်ဖြစ်ခြင်း၊ မင်းတုန်းမင်းကြီး မကျန်းမာ၍ နတ်ရွာစံခဲ့သော နန်းတော်ဆောင်ဖြစ်ခြင်း၊ ရတနာပုံခေတ်လက်ရာ မံရုပ်ပွားဆင်းတုတော်ကြီးကိန်းဝပ်စံပယ်ရာကျောင်းဖြစ်ခြင်းနှင့် အခြားအနုပညာလက်ရာများစွာရှိသော ကျောင်းဖြစ်ခြင်းပင်ဖြစ်သည်။

နောက်ခံသမိုင်းအနေဖြင့် မင်းတုန်းမင်းတရားကြီးသည် သက္ကရာဇ် ၁၂၄၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း၆ရက် အင်္ဂါနေ့(၁. ၁၀. ၁၈၇၀)တွင် နတ်ရွာစံခဲ့သည်။

ထီးနန်းကို ဆက်ခံသော သားတော် သီပေါမင်းက မြနန်းစံကျော်ရွှေနန်းတော်ပေါ်ရှိ မင်းတုန်းမင်းကြီးနတ်ရွာစံခဲ့သော နန်းဆောင်နှင့် စနေဆောင်ကို သက္ကရာဇ် ၁၂၄၀ ပြည့်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်နေ့တွင် ဖြုတ်သိမ်းပြီး မဟာအတုလဝိဇယာရာမတိုက် မဟာရံတံတိုင်းနှစ်ခုကြား အရှေ့တောင်ထောင့်တွင် ဘုန်းတော်ကြီးကျောင်းအဖြစ် ပြောင်းရွှေ့တည်ဆောက်ခဲ့သည်။ သက္ကရာဇ် ၁၂၄၅ တန်ဆောင်မုန်းလဆန်း (၁)ရက်နေ့တွင် ပြီးစီးခဲ့သော ကျောင်းတော်ဖြစ်သည်။

သရက်ကင်းလှေကားငါးစင်း တပ်ထားသည်။ ရတနာပုံခေတ်အမွမ်းပန်းများ တပ်ဆင်ထားပြီး အတွင်း အပြင် ရွှေပိန်းချခဲ့သည့် စစ်ဘေးမှလွတ်ခဲ့သော မူလလက်ရာအတိုင်း တည်ရှိသည့် ကျောင်းဖြစ်သည်။ တိုင်ပေါင်း ၁၅၀နှင့်အတူ နယားရုပ်ထောက်တိုင်ပေါင်း ၅၄ တို့ဖြင့် လှပစွာတည်ဆောက်ထားသည်။

အတွင်းအပြင် ရုပ်လုံးရုပ်ကြွများ၊ ဇာတ်တော်ဇာတ်ကွက်များ ရွှေပိန်းချတိုင်နှင့် မျက်နှာကြက်ပန်းများ၊ လင်းနို့တောင် အမွမ်းပန်းများကို ရွှေပိန်းချထားသည်။ ဘုရင်တည်ဆောက်လျှုဒါန်းသော ကျောင်းတော်ဖြစ်သည့်အားလျော်စွာ လက်ရန်းအပိတ်စနစ်ဖြင့် ခြူးပန်း ခြူးနွယ် ကြာရိုးနွယ်များရံကာ စတုလောကပါလ နတ်မင်းကြီးလေးပါး သိကြားမင်းနှင့် လူပျံရုပ်များပါမကျန် မွမ်းမံထုဆစ်တည်ဆောက် အလှဆင်ထားသည့် ရတနာပုံခေတ်စံကျောင်းတစ်ကျောင်းပင်ဖြစ်သည်။ လက်ရှိကာလ ကျောင်းတော်တွင် မြန်မာမှုဝတ်ဆင်မှုများနှင့်အတူ မြင်တွေ့ရသမျှ နိုင်ငံတကာခရီးသွားတို့အထူးအံ့ဩနှစ်သက်သဘောကျကာ သမိုင်းအမွေအနှစ် ကျောင်းတစ်ကျောင်းအဖြစ် မြို့ဂုဏ်ကို ဆောင်လျက်ရှိနေသည်။ **[တိမ်တမန်]**

စပါးအသင်း မိုနာကိုအသင်းကိုအနိုင်ရကာ ယူရိုပါလီဂ်အုပ်စု(J)တွင် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့

ယူရိုပါလီဂ်အုပ်စုအဆင့် ပြိုင်ပွဲအဖြစ် ဒီဇင်ဘာ ၁၀ ရက်ညပိုင်းက ပရီမီယာလီဂ်ကလပ် စပါးအသင်းနှင့် ပြင်သစ်ပထမတန်းကလပ် မိုနာကိုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စပါးအသင်းက မိုနာကိုအသင်းအား လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် စပါးအသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၂ မိနစ်၊ ၁၅ မိနစ်နှင့် ၃၇ မိနစ်တို့တွင် လာမယ်လာက ဟက်ထရစ်ဂိုးသွင်းယူပေးခဲ့ပြီး ပွဲကစားချိန် ၇၇ မိနစ်တွင် တိုက်စစ်မျူးကာရိုးက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ လာမယ်လာ၏ အဆိုပါဟက်ထရစ်သွင်းဂိုးသည် စပါးအသင်းအတွက် ပထမဆုံးသွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး မိုနာကိုအသင်းအတွက် ချေပဂိုးကို ပွဲကစားချိန် ၆၁ မိနစ်တွင် အယ်လ်ရှာရာဝီက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

စပါးအသင်းသည် ယခုပွဲစဉ်တွင် မိုနာကိုအသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် ယူရိုပါလီဂ်အုပ်စု(J)တွင် အုပ်စုပထမဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ၃၂ သင်းအဆင့်သို့ တက်ရောက်ရန် သေချာသွားပြီဖြစ်သည်။ ထို့ကြောင့် ယူရိုပါလီဂ် နောက်တစ်ဆင့်တက်ရန် အွင့်အရေးတစ်ရပ်ရရှိသွားခဲ့သည်။ စပါးအသင်းသည် နောက်လာမည့် ၃၂ သင်းအဆင့်တွင် ဆုံတွေ့နိုင်သည့် အသင်းများမှာ ဖီနာဘာချီ၊ ဒေါ့မွန်၊ ဗီလာရီးယဲလ်၊ စိန့်အက်တီယန်၊ ဖီအိုရင်တီးနား၊ အော့စ်ဘတ်၊ ဗလင်စီယာ၊ ရှက်ခ်တာ ဒိုးနက်စ်ခ်၊ မစ်ဒီလန်း၊ မာဆေးလ်၊ စပို့တင်း၊ စပါတာ ပါရာဂူး၊ ဆီဗီလာ၊ ဂါလာတာစာရေး၊ ဆီယွန် စသည့် အသင်းများထဲမှ တစ်သင်းနှင့် ထိပ်တိုက်တွေ့ဆုံမည်ဖြစ်ပြီး အဆိုပါပွဲစဉ်များကို ဒီဇင်ဘာ ၁၄ ရက်တွင် မဲခွဲဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။ [ငွေကြေယ်]

ဒီဇင်ဘာ ၁၂/၁၃ ရက် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

ပရီမီယာလီဂ် ပွဲစဉ် - ၁၆

နောဝှစ်ချ်	- အဲဗာတန်	ည-၇း၁၅
ခရစ္စတယ်	- ဆောက်သမ်တန်	ည-၉း၃၀
ဝက်စ်ဟမ်း	- စတုတ်စီးတီး	ည-၉း၃၀
မန်စီးတီး	- ဆွမ်ဆီး	ည-၉း၃၀
ဆန်းဒါးလန်း	- ဝက်ဖ်ဒ်	ည-၉း၃၀
ဘုန်းမောက်	- မန်ယူ	နံနက်-၁၂း၀၀

စပိန်လာလီဂါ ပွဲစဉ် - ၁၅

ဘာစီလိုနာ	- ဒီပို့တီဗို	ည-၉း၃၀
ဆယ်လ်တာဗီဂို	- အက်စပန်ညို	ည-၁၁း၄၅
လီဗန်တေး	- ဂရန်နာဒါ	ည-၁၁း၄၅
ဆီဗီလာ	- စပို့တင်းဂီဂျန်	နံနက်-၂း၀၀
လက်စ်ပါးမက်စ်	- ဘက်တစ်	နံနက်-၃း၃၅

စီးရီးအေ ပွဲစဉ် - ၁၆

ဂျီနိုအာ	- ဘိုလော့နာ	ည-၈း၃၀
ပါလာမို	- ဖရိုစီနီ	ည-၁၁း၃၀
ဆာဆူအိုလို	- တိုရိနို	ည-၁၁း၃၀
အူဒီးနီးစ်	- အင်တာမီလန်	နံနက်-၂း၂၅

ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၆

ဘိုင်ယန်မြူးနစ်	- အင်ဂျေ့စတက်	ည-၉း၀၀
ဝုဖ်ဘတ်	- ဟမ်းဘတ်	ည-၉း၀၀
ဝါဒါဘရီမင်	- ကိုလုံး	ည-၉း၀၀
ဟော့ဖန်ဟိမ်း	- ဟန်နိုဗာ	ည-၉း၀၀
ဒမ်စတက်	- ဟာသာဘာလင်	ည-၉း၀၀
လေဗာကူဆင်	- မိုချင်ဂလက်ဘတ်	နံနက်-၁၂း၀၀

ပြင်သစ်လီဂူး ပွဲစဉ် - ၁၈

ရိမ်းစ်	- နိုက်စ်	ည-၉း၃၀
ထရွိုင်ယက်စ်	- ဘက်စ်တီယာ	နံနက်-၁း၃၀
နန့်တက်စ်	- တူးလော့စ်	နံနက်-၁း၃၀
လိုင်လီ	- လိုရီယန့်	နံနက်-၁း၃၀
မောင့်ဗယ်လီလာ	- ဂူအင်ဂမ့်	နံနက်-၁း၃၀

ချန်ပီယံရှစ် ပွဲစဉ် - ၂၀

အမ်ကေဒွန်းစ်	- အစ်ဆွစ်ချ်	ည-၇း၀၀
ဟာဒစ်ဖ်	- ရှက်ဖီး	ည-၉း၃၀
ချာလ်တန်	- လီဒ်စ်	ည-၉း၃၀
ဒါဘီ	- ဘရိုက်တန်	ည-၉း၃၀
ဖူလ်ဟမ်	- ဘရန့်ဖို့ဒ်	ည-၉း၃၀
ဟက်ဒါဖီးလ်	- ဘရစ္စတိုးလ်	ည-၉း၃၀
ဟားလ်စီးတီး	- ဘော်လ်တန်	ည-၉း၃၀
မစ်ဒဘရော့	- ဘာမင်ဂမ်	ည-၉း၃၀
ပရက်စတန်	- ရက်ဒင်	ည-၉း၃၀
ကျူပီအာ	- ဘန်လေ	ည-၉း၃၀

မောင်မောင်ဇော်

တိုက်စစ်မျူး မီလီတိုး ကစားသမားဘဝမှ အနားယူမည်

အင်တာမီလန်တိုက်စစ်မျူးဟောင်း ဒီယေဂိုမီလီတိုးသည် နောက်ထပ်ခြောက်လကြာကစားရန် ဆုံးဖြတ်ချက်ချခဲ့ပြီးနောက် လာမည့်ဇွန်လတွင် ကစားသမားဘဝမှ အပြီးတိုင်အနားယူတော့မည်ဖြစ်ကြောင်း ၎င်း၏ဆုံးဖြတ်ချက်ကို အတိအလင်းကြေညာခဲ့သည်။

တိုက်စစ်မျူး မီလီတိုးသည် လက်ရှိတွင် အာဂျင်တီးနားကလပ်အသင်းတွင် ကစားလျက်ရှိပြီး ရေဆင်းအသင်းနှင့် အင်းဒီပန်ဒီယန်တီအသင်းတို့ ကစားခဲ့သည့် ပွဲစဉ်အပြီးတွင် နောက်ထပ်ခြောက်လကြာ ကစားသမားဘဝကို ဖြတ်သန်းပြီးပါက ကစားသမားဘဝမှ အနားယူရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဘဝတစ်လျှောက်လုံး ဘောလုံးသမားအဖြစ် ဖြတ်သန်းလာခဲ့ခြင်းကြောင့် ကစားသမားဘဝကို ချက်ချင်းအဆုံးသတ်ရန်မှာ မလွယ်ကူခြင်းကြောင့်သာ နောက်ထပ်ခြောက်လကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းလည်း တိုက်စစ်မျူး မီလီတိုးက ဆိုသည်။

ဂျန်စတုန်းအား ပေါင်သန်း ၅၀ ပေး၍ ကမ်းလှမ်းရန် မန်ယူစီစဉ်

မန်ယူအသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ဈေးအကြီးဆုံးနောက်တန်းကစားသမားတစ်ဦးအဖြစ် ရပ်တည်ခဲ့သည့် အဲဗာတန်နောက်တန်းကစားသမား ဂျန်စတုန်းအား ပြောင်းရွှေ့ကြေးပေါင် သန်း ၅၀ ပေး၍ ခေါ်ယူရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

နည်းပြဗန်ဟားလ်သည် အသက်(၂၁)နှစ်အရွယ်ရှိ အင်္ဂလန်နောက်တန်းကစားသမား ဂျန်စတုန်းအား ၎င်းတို့၏ ပထမဦးစားပေးကစားသမားအဖြစ် ခေါ်ယူသွားရန်ရှိပြီး နွေရာသီဈေးကွက်အတွင်းက ချယ်လ်ဆီးအသင်း၏ခေါ်ယူရန် သုံးကြိမ်တိုင်တိုင် ကမ်းလှမ်းလာခဲ့မှုကို အဲဗာတန်အသင်းက ငြင်းဆိုထားခဲ့သည့် ကစားသမားလည်းဖြစ်သည်။ ဗန်ဟားလ်သည် မန်ယူအသင်းကို စတင်ကိုင်တွယ်ခဲ့သည့် ၂၀၁၄ ခုနှစ် မေလမှစတင်ကာ ကစားသမားခေါ်ယူမှုအတွက် ပေါင်သန်း ၃၀၀ ကျော် အသုံးပြုခဲ့သော်လည်း လာမည့်နွေရာသီဈေးကွက်တွင်လည်း ကစားသမားသစ်များ ထပ်မံခေါ်ယူဦးမည်ဖြစ်ကြောင်းသိရသည်။

လက်စတာစီးတီး ပရီမီယာလီဂ်ဖလားမရနိုင်ဟုဆို

လက်စတာစီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် ပရီမီယာလီဂ်ဖလားမရရှိနိုင်ကြောင်း လက်စတာစီးတီးတောင်ပံကစားသမား မာရက်ဇီက ထုတ်ဖော်ပြောကြားခဲ့သည်။ လက်စတာစီးတီးအသင်းသည်ပြီးခဲ့သည့်ဘောလုံးရာသီက တန်းဆင်းဇုန်အတွင်းမှ အမှတ်ကွာဟမှုကျဉ်းမြောင်းစွာဖြင့်ပင် တန်းတင်ကျန်ရစ်ခဲ့သည့်အသင်းဖြစ်ပြီး လက်ရှိတွင် ပရီမီယာလီဂ်ပွဲစဉ်(၁၅)အပြီးတွင် အမှတ်ပေးဇယား၏ ဒုတိယနေရာမှ အာဆင်နယ်အသင်းကို နှစ်မှတ်ဖြတ်ကာ ရမှတ် ၃၂ မှတ်ဖြင့် ဇယားထိပ်တွင် ဦးဆောင်လျက်ရှိသည့်အသင်းဖြစ်သည်။

သို့ရာတွင် တောင်ပံကစားသမား မာရက်ဇီကမူ ပရီမီယာလီဂ်ဖလားရရှိမည်မဟုတ်ကြောင်း ၎င်း၏ထင်မြင်ချက်ကို ပြောကြားခဲ့သည်။

ချန်ပီယံလီဂ် ၁၆ သင်းအဆင့်တွင် ဘာစီလိုနာနှင့် မတွေ့လိုဟု အာဆင်နယ်ဆို

အာဆင်နယ်အသင်းသည် ချန်ပီယံလီဂ်အုပ်စုအဆင့်ပြိုင်ပွဲနောက်ဆုံးပွဲစဉ်တွင် အိုလံပီယာကော့စ်အသင်းအား သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် ချန်ပီယံလီဂ် ၁၆ သင်းအဆင့်ကို တက်လှမ်းလာခဲ့သော်လည်း ယင်းအဆင့်ပြိုင်ပွဲတွင် ဘာစီလိုနာ အသင်းနှင့် ထိပ်တိုက်မတွေ့လိုကြောင်း အာဆင်နယ်အသင်း၏ ဝါရင့်ကစားသမား ဖလာမီနီက ပြောကြား ခဲ့သည်။

အာဆင်နယ်အသင်းသည် ချန်ပီယံလီဂ်ဝင်ခွင့်ရတိုင်း အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်သည့်အသင်းအဖြစ် မှတ်တမ်းကောင်းတစ်ခုကို ရရှိခဲ့သော်လည်း ယခုနှစ်တွင် အုပ်စုဒုတိယ နေရာဖြင့် ၁၆ သင်းအဆင့်ကို တက်လှမ်းလာခဲ့ခြင်းကြောင့် အခြားသော အုပ်စု များမှ အုပ်စုပထမ နေရာဖြင့် တက်လာခဲ့သည့် ရီးယဲလ်မက်ဒရစ်၊ အက်သလက်တီကို မက်ဒရစ်၊ ဘာစီလိုနာစသည့် အသင်းများနှင့် ထိပ်တိုက်တွေ့ဆုံမည့် အနေအထား တွင်ရှိနေ ကြောင်း လည်း သိရ သည်။

[ငွေကြေယ်]

ကော့သောင်း Mobile Team အဖွဲ့ ပါချန်ပင်လယ်အတွင်း ကန့်သတ်တားမြစ်ကုန်ပစ္စည်း တင်ဆောင်မှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

ကော့သောင်း ဒီဇင်ဘာ ၁၁

ကုန်သွယ်ရေးစခန်း(ကော့သောင်း) Mobile Team အဖွဲ့မှ စားသုံးသူကာကွယ်ရေး၊ နယ်စပ်ဒေသများမှ တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများ မဖြစ်ပေါ်စေရေးနှင့် မြန်မာ-ထိုင်း နယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့မှတစ်ဆင့် ပြည်ပနိုင်ငံသို့တင်ပို့မည့် ငါးသယ်လှေများနှင့် ပြည်ပသို့ထွက်ခွာမည့် ကုန်တင်သင်္ဘောကြီးများအား ပါချန်ပင်လယ်ဝတွင် စစ်ဆေးခြင်းလုပ်ငန်းများ ဒီဇင်ဘာ ၁၀ မွန်းလွဲပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။ **(ယာဝုံ)**

ကုန်သွယ်ရေးစခန်း(ကော့သောင်း) Mobile Team အဖွဲ့သည် ကွင်းဆင်းဆောင်ရွက်မှုလုပ်ငန်းများအဖြစ် ပင်လယ်ပြင်အတွင်း ငါးဖမ်းလှေများ ဖမ်းဆီးရရှိသည့် ငါးသယံဇာတများအား တစ်ဆင့်သယ်ယူ၍ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချမည့် ပင်လယ်ရေထွက်ပစ္စည်းများ တင်ဆောင်လာသည့် ငါးသယ်လှေများအား တင်ပို့မည့် ငါးသယံဇာတများအပေါ် နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများ၊ ပေးသွင်းမှုအထောက်အထားများ၊ တင်ဆောင်လာသည့် ငါးအမျိုးအစားနှင့် ကုန်ချိန်မှန်ကန်ကိုက်ညီမှု ရှိမရှိ၊ ပြည်ပမှ ကုန်ပစ္စည်းများတင်သွင်းပြီး ပြည်ပသို့ ထွက်ခွာမည့်သင်္ဘောကြီးများအပေါ် ကန့်သတ်တားမြစ်ကုန်ပစ္စည်း တင်ဆောင်မှုရှိ၊ မရှိ စဉ်ဆက်မပြတ် ကွင်းဆင်းကြပ်မတ်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်ကျွမ်းရာမှ လူတစ်ဦးသေဆုံး

ငါးသိုင်းချောင်း ဒီဇင်ဘာ ၁၁

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ဖန်ခါးပင်ကျေးရွာအုပ်စု ရွာမကျေးရွာတွင် ဒီဇင်ဘာ ၁၀ရက် ည ၇နာရီက မီးကြွင်းမီးကျန်မှတစ်ဆင့် နေအိမ်သို့ မီးကူးစက်လောင်ကျွမ်းသဖြင့် လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖန်ခါးပင်ကျေးရွာအုပ်စု ရွာမကျေးရွာ ဦးကျော်ဝင်း(၆၁)နှစ်၏ နေအိမ် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့ပြီး ကျေးရွာအရန်မီးသတ်အင်အား ၂၀၊ ငါးသိုင်းချောင်းနယ်မြေမီးသတ်စခန်းမှ သန္ဓေမီးသတ်အင်အားငါးဦးနှင့် ပြည်သူများ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ အခြားနေအိမ်များသို့ ကူးစက်လောင်ကျွမ်းမှုမရှိခဲ့ကြောင်းနှင့် ၎င်း၏ဇနီး ဒေါ်သန်းအေး(၆၁)နစ်သည် အောက်ဝိုင်းသေရောဂါသည် တစ်ဦးဖြစ်ပြီး မီးငြိမ်းသတ်ပြီးသွားချိန်တွင် ၎င်း၏အိပ်ရာနေရာတွင် မီးလောင်ဒဏ်ရာများဖြင့် သေဆုံးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးကျော်ဝင်းအား သက်ဆိုင်ရာမီးသတ်ဦးစီးဌာနနှင့် ကုန်းပြင်တိုက်နယ်ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

စိုးမင်းဦး(ပြန်/ဆက်)

❖

သရက်ချဉ်ကျေးရွာအနီး သစ်ခွဲသားများ သိမ်းဆည်းရမိ

နတ်မောက် ဒီဇင်ဘာ ၁၁

မကွေးခရိုင် နတ်မောက်မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဦးမျိုးအဖွဲ့နှင့် ရွှေပန်းတော နယ်မြေရဲစခန်းမှ ဒုရဲအုပ် ကိုကိုဦး ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ သရက်ချဉ်ကျေးရွာ အနောက်ဘက် တစ်မိုင်ခန့် အကွာရှိ သရက်ချဉ်-ပိတ်ချင်းတောကျေးရွာချင်းဆက်လမ်းဘေး၌ ကျေးရွာအနီး တရားမဝင်သစ်များ သယ်ဆောင်နေကြောင်း သတင်းအရ ဒီဇင်ဘာ ၁၀ရက်နံနက် ၂ နာရီက သွားရောက်စောင့်ဆိုင်းစဉ် ပိတ်ချင်းတောကျေးရွာဘက်မှ သရက်ချဉ်ကျေးရွာသို့မောင်းနှင်လာသည့် 7F/---- ဖောကားယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်မှ တရားမဝင်သယ်ဆောင်လာသော သံသေသစ်ခွဲသားချောင်း ၁၈၀ (၁ ဒသမ ၂၉၃၂ တန်)အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါယာဉ်ပေါ်မှ ယာဉ်မောင်း မင်းဇော်မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး ယာဉ်ပေါ်တွင် ပျော်ဘွယ်မြို့နယ် စမ်းတောကျေးရွာနေ ယာဉ်နောက်လိုက် ကျော်ကြီး၊ ပျော်ဘွယ်မြို့နယ် ဥသျှစ်ပင်ကျေးရွာနေ ကိုဝင်းလှိုင်နှင့် တစ်ရွာတည်းနေ ဦးကံအောင်တို့အားတွေ့ရှိပြီး ၎င်းတို့အား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဇေယျတု(မကွေး)**

ကွေးတိုင်းဒေသကြီးအတွင်း တစ်နေ့တည်းဆိုင်ကယ်ပေါ်မှပြုတ်ကျသေဆုံးမှု နှစ်မှုဖြစ်ပွား

အောင်လံ ဒီဇင်ဘာ ၁၁

